ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (18-2-2012)(၇၀၃၉)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များကိုယ်တိုင် အဂတိကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ပြည်သူများ၊ ဝန်ထမ်းများ အဂတိကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး ရည်မှန်းချက်ထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄၆)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း(၁၁)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိ၏ ဖေဖော်ဝါရီ ၇ ရက်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားလှယ်များက တစ်ခဲနက်ထောက်ခံခဲ့ကြပါကြောင်း၊ ထို့အတူ ပြည်သူအများက သဘောကျကြိုဆိုကြောင်းကိုလည်း ကြားသိခဲ့ရပါကြောင်း၊ ထိုသို့ တင်ပြခဲ့ခြင်းသည် နိုင်ငံအတွက်၊ အများပြည်သူအတွက်၊ ပြည်သူ့ကိုယ်စားလှယ်များအတွက် မှန်ကန်သောစေတနာဖြင့် တင်ပြခဲ့ခြင်းသာဖြစ်ပါကြောင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်က အမိန့်ညွှန်ကြားချက်များနှင့် လုပ်ဆောင်ခဲ့သည့် ဝန်ကြီးဌာနအပါအဝင် တာဝန်ရှိသူအသီးသီး၏ ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၅ အရ အရေးယူခံရမှုမှ ကင်းလွတ်ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲပေးမှု(၉၂ ဒသမ ၄၈)ရာခိုင်နှုန်းအရ အတည်ပြုပြဋ္ဌာန်းပေးခြင်းဖြစ်သည့်အတွက် ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၅ပါအတိုင်း တပ်မတော်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သည့်ကိစ္စများကို သိနားလည်ပြီး ခွင့်ပြုသတ်မှတ်ဆောင်ရွက်ပေးခြင်းဖြစ်သည်ကို မိမိတို့နားလည်လက်ခံရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် အစိုးရသစ်ပေါ်ပေါက်လာပြီးနောက် မိမိတို့တာဝန်အရ ဆောင်ရွက်သည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ကို မူဘောင်သဘောဆွေးနွေးရန်လေ့လာသည့်အခါ လောလောဆယ်မလုပ်သင့်သေးသည့် စီမံကိန်းများပါရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ မလုပ်သင့်သေးသည့် စီမံကိန်းများ ခေတ္တဆိုင်းငံ့ဆောင်ရွက်မည်ဆိုပါက ပေါ်ထွက်လာမည့်ငွေများမှ အခက်အခဲဖြစ်နေကြသည့် ဝန်ထမ်းအသီးသီးအတွက် လစာကို ရာခိုင်နှုန်းတစ်ခုအထိ တိုးပေးနိုင်မည်ဟု အကြမ်းဖျင်း သုံးသပ်တွေ့ရှိရပါကြောင်း။

စီမံကိန်းအမှားများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဖြစ်စဉ်များကို သင်ခန်းစာများယူပြီးဆောင်ရွက်ရန် တင်ပြသည့်နေရာတွင် တခြားမလိုလားအပ်သည့် ပြဿနာများမဖြစ်ရလေအောင် ဖြစ်ပေါ်လာနိုင်သည်ဆိုသည့် ရှေ့အလားအလာကို မြော်တွေးနိုင်အောင် တင်ပြခြင်းပင်ဖြစ်ပါကြောင်း၊ လုပ်သားများဆိုသည့် နေရာတွင် လုပ်မည့်လူမရှိ၍မဟုတ်ဘဲ ပေးထားသည့် လုပ်ခလစာနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်စဉ်။
(သတင်းစဉ်)

ကမ္ဘာ့စွမ်းပကားအမြင့်ဆုံးလေဆာစခန်း ရုရှားနိုင်ငံ၌ တည်ဆောက်မည်

အင်တာနက်သိပ္ပံသတင်း
ဘာသာပြန် - တက်လူ

မော်စကို ဖေဖော်ဝါရီ ၁၇

ရုရှားနိုင်ငံသည် ကမ္ဘာ့စွမ်းပကားအမြင့်မားဆုံးလေဆာစခန်းတစ်ခုကို တည်ဆောက်မည်ဖြစ်ကြောင်း ရုရှားနျူကလီးယားသိပ္ပံပညာရှင်တစ်ဦးက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာရှိ လေဆာစခန်းများအနက် စွမ်းပကားအကြီးမားဆုံး လေဆာစခန်းကို ရုရှားနိုင်ငံ နီဇာနီနိုဂိုရော့ဒေသရှိ ဆာရော့ဗ်အဏုမြူဗဟိုဌာန**(အောက်ပုံ)**၌ တည်ဆောက်ရန်စီစဉ်လျက်ရှိကြောင်း အဆိုပါဌာနအကြီးအကဲ အီဒါအီခါယက်ဗ်က ပြောကြားသည်။



ကမ္ဘာပေါ်တွင် အကြီးမားဆုံးလေဆာစခန်းတည်ဆောက်ရန် အစိုးရအဖွဲ့က သဘောတူညီခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံသည် လေဆာစခန်းတစ်ခုကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံကလည်း အလားတူ လေဆာစခန်းတစ်ခုကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးစီးလုပြီဖြစ်ကြောင်း အီခါယက်ဗ်က ပြောကြားသည်။

လေဆာစခန်းတည်ဆောက်ရန် ရူဘယ်လ်ငွေ ၄၅ ဘီလီယံ(ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ)ခန့်ကျခံသုံးစွဲရမည်ဖြစ်ကြောင်းၤင်းကပြောကြားသည်။

မိမိတို့ တည်ဆောက်မည့် လေဆာစခန်းသည် ကမ္ဘာပေါ်တွင် စွမ်းပကားအမြင့်မားဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း ရုရှားသိပ္ပံပညာရှင်က ဆက်လက်ပြောကြားသည်။

လေဆာစခန်းကို စစ်ရေးရည်ရွယ်ချက်များအရရော၊ သိပ္ပံရေးရာ ရည်ရွယ်ချက်များအရပါ အသုံးပြုနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လေဆာသာမို နျူကလီးယား ဖျူးရှင်းနည်းပညာသုတေသနလုပ်ငန်းအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းနည်းပညာသည် အနာဂတ်ကာလတွင် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၏ ပင်မကျောရိုးဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

ယနေ့သတင်းအညွှန်း

အော်တိုတယ်လီဖုန်း(လိုင်းဖုန်း)များ Prepaid စနစ်သို့ ပြောင်းလဲဆောင်ရွက်မည်

ပြည်တွင်းသတင်း စာမျက်နှာ ၂

. . . .

မြန်မာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

ပြည်တွင်းသတင်း စာမျက်နှာ ၈

. . . .

နှစ် ၂၀ ကျော်ကြာ အဆက်အဆံပြတ်တောက်ခဲ့ပြီး မြန်မာနိုင်ငံ၌ ကမ္ဘာ့ဘဏ်လုပ်ငန်းများ ပြန်လည်စတင်မည်

အင်တာနက်သတင်း စာမျက်နှာ ၈

. . . .

နိုင်ငံရေးပါတီများ ဟောပြောတင်ပြခွင့်ပြုသည့် နေ့ရက်နှင့် အချိန်ဇယား သတ်မှတ်ထုတ်ပြန်

ပြည်တွင်းသတင်း စာမျက်နှာ ၁၀

ကြေးမုံစာတည်းရှုထောင့်

၁၈-၂-၂၀၁၂[စနေနေ့]။

မြစ်ရေအလျဉ် ထာဝစဉ်စီးဆင်း

ခေတ်ရေစီးကြောင်းအလိုက် အတွေးအခေါ်များ အဆင့်ဆင့်ပြောင်းလဲနေသော အချိန်ကာလ။ တိုးတက်သောသဘောတရားများကို တိုး၍ တိုး၍ လက်ခံလာခြင်းနှင့်အတူ တိုးတက်သောလူမှုဘဝကို တည်ဆောက်ရန်လည်း တာဝန်ရှိသည်ဟူ၍ လက်ခံလာကြသည်။

ယနေ့ကမ္ဘာတွင် တိုးတက်သောနိုင်ငံတို့က တိုးတက်၍ ဆုတ်ယုတ်သောနိုင်ငံတို့က ဆုတ်ယုတ်နေကြသည်။ သဘာဝသယံဇာတအား၊ အတတ်ပညာအားနှင့် နိုင်ငံသားတို့၏ အသိစိတ်ဓာတ်နှင့် အားထုတ်ပုံများ ကွဲပြားခြားနားမှုကြောင့်လည်း ဖြစ်နိုင်သည်။ ဤနိုင်ငံတွင် သဘာဝသယံဇာတလည်းရှိ ဇာတိမာန်အစဉ်အလာလည်း ကြီးမားလှသည်ဖြစ်ရာ ကျွန်တစ်ခေတ် ကြုံတွေ့ခဲ့ရသည်ကို ရင်းစားဖြည့်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ညီညီညွတ်ညွတ်ပန်းတိုင်အရောက် လျှောက်လှမ်းလုပ်ကိုင်ကြရန်သာလိုသည်။

ပန်းတိုင်ဟူသည် သတ်မှတ်ထားသောကာလအတွင်း ရောက်ရှိရမည့် သတ်မှတ်ပြီးသား ပစ်မှတ်ဖြစ်သည်။ တစ်နည်းအားဖြင့် တိကျသောပန်းတိုင်များသည် အောင်မြင်မှု၏ လမ်းပြမြေပုံများပင်။ တိကျသောပန်းတိုင်အရောက် ရေတိုရေရှည် အစီအစဉ်များဖြင့် အကောင်အထည် ဖော်ဆောင်ကြရန်သာ။ လူ့ဘဝဟူသည် ရွေ့လျားနေသောအရာဖြစ်ရာ မျိုးဆက်တစ်ဆက်နှင့် တစ်ဆက် ကွာဟမသွားစေရေး မျက်မှောက်ခေတ်လူငယ်လူရွယ်များက တာဝန် ယူကြရပေမည်။

အသက်အရွယ်အရ လူကြီးလူငယ် အရွယ်ပိုင်းဆစ် ရည်ညွှန်းကြသော်လည်း နိုင်ငံတစ်ခု၏လူ့ဘောင်ဘဝတွင် ခွဲခြား၍မရနိုင်ပေ။ အရွယ်ကြီးရင့်သူများနှင့် ရောနှောနေဦးမည်သာဖြစ်ရာ အသက်ကြီးသူများ၏ လုပ်ကိုင်ဆောင်ရွက်မှုများမှအပတွင် ခွာထွက်၍လည်း မနေနိုင်ပေ။ မည်သို့ပင်ဖြစ်စေ တစ်ပိုင်တစ်နိုင် တစ်ထောင့်တစ်နေရာမှ အတွေ့အကြုံနှင့် လုပ်ဆောင်မှုများအပေါ် မိမိတို့၏အားသစ်အင်သစ်၊ အသိပညာသစ်တို့ဖြင့် အားဖြည့်စွမ်းဆောင်သွားကြရန်သာ ဖြစ်သည်။

ရှေ့ကစီးဆင်းနေသော မြစ်ရေအလျဉ်တွင် နောက်ကစီးဝင်လာသော မြစ်ရေအလျဉ်က နေရာယူကာ မူလဖြစ်တည်နေသော မြစ်၏အမည်ကို ဆောင်ကြဉ်းသွားမြဲသာဖြစ်သည်။ ထို့အတူ မိမိတို့နိုင်ငံ၏တည်နေရာ ရေမြေသဘာဝသည် မပြောင်းလဲ။ ခေတ်စနစ်တာဝန်ယူဆောင်ရွက်မှုများသာ ခေတ်တစ်ခေတ်မှတစ်ခေတ်၊ မျိုးဆက်တစ်ဆက်မှတစ်ဆက် မြစ်ရေအလျဉ်ကဲ့သို့ ထာဝစဉ်စီးဆင်းရွေ့လျားနေမည်သာဖြစ်သည်။

မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် ထပ်၍ထပ်၍ တည်သည့်ပမာ တဖြည်းဖြည်းတာဝန်ယူလာကြရပြီ။ ခေတ်လူငယ်တို့၏ တက်ကြွသောအားမာန်၊ နိုးကြားထက်သန်သော စိတ်ထားကိုယ်စီဖြင့် ခေတ်သစ် စနစ်သစ်နိုင်ငံသစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရန် ရှုမြင်မိပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပညာပေးဆောင်ရွက်မှု ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွှန့်သည် နေပြည်တော် ကောင်စီဝင်များ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း၌ နေပြည်တော်ကောင်စီ၏ စီစဉ်မှုဖြင့် ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှလှကြည် ဦးစီး၍ ဆေးဝါးကုသမှုဆောင်ရွက်ပေးနေသော ကလေးကုသရေးအဖွဲ့၊ မီးယပ်နှင့်သားဖွားကုသရေးအဖွဲ့၊ အရိုးခွဲစိတ်ကုသရေးအဖွဲ့၊ ခွဲစိတ်ကုသရေးအဖွဲ့၊ မျက်စိကုသရေးအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသရေးအဖွဲ့၊ သွားဘက်ဆိုင်ရာကုသရေးအဖွဲ့၊ ငှက်ဖျားရောဂါသွေးစစ်ဆေးကုသရေးအဖွဲ့၊ အရေပြားရောဂါကုသရေးအဖွဲ့၊ ဆေးဝါးကျွမ်းကျင်အဖွဲ့စသည့် ကုသရေးအဖွဲ့တို့၏ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ဆေးဝါးကုသပေးနေမှုများကို လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း၌ အထူးကုဆရာဝန်ကြီးများက ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ကောင်စီနယ်မြေရှစ်မြို့နယ်အတွင်း အထူးကုဆရာဝန်ကြီးများအဖွဲ့ဖြင့် ကွင်းဆင်းဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအုပ်စုရှိ ရွှေခဲအင်းကျေးရွာ၊ ကျောက်ခဲအင်းကျေးရွာနှင့် ကျွဲတဲကျေးရွာတို့နှင့် ကူနှစ်လုံးဆည်စု ကျေးရွာအုပ်စုရှိ ကျေးစာဥကျေးရွာ၊ သာယာစုကျေးစု၊ ဆည်စုကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ မန်ကျီးကုန်းကျေးရွာနှင့် ဝွေးတောက်ရိုးကျေးရွာ စသည့် ကျေးရွာ ကိုးရွာတို့မှ ဒေသခံပြည်သူ ၁၀၁၇ ဦးအား ဆေးဝါးကုသမှုပြုလုပ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန်နှင့် အရေးပေါ်လူနာများအား နေပြည်တော် ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အော်တိုတယ်လီဖုန်း(လိုင်းဖုန်း)များ Prepaid စနစ်သို့ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ် သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

၂၀၁၂ ခုနှစ် မတ် ၁ ရက်မှ စတင်၍ (၀၁-၂၃၀×××) နံပါတ်ဖြင့်စသော အော်တိုတယ်လီဖုန်း(လိုင်းဖုန်း)များကို Postpaid စနစ်မှ ကြိုတင်ငွေဖြည့်ကတ် Prepaid စနစ်သို့ စတင်ပြောင်းလဲတပ်ဆင်ပေးမည်ဖြစ်သည်။

ကြိုတင်ငွေဖြည့်ကတ် Prepaid စနစ်သို့ ပြောင်းလဲလိုသူများသည် လိုအပ်မည့်ပုံစံများကို အော်တိုတယ်လီဖုန်းရုံး အမှတ်(၁၀၃) လမ်း (၄၀) ကျောက်တံတားမြို့နယ်တွင် အခမဲ့ရယူဖြည့်သွင်း ဆန္ဒပြုနိုင်သည်။

ဖုန်းပြောဆိုခ ပေးချေရမှု လွယ်ကူအဆင်ပြေစေရန် Prepaid စနစ်သို့ ပြောင်းလဲပေးခြင်းဖြစ်ရာ မူရင်းဖုန်းနံပါတ်များ ပြောင်းလဲမည်မဟုတ်ကြောင်း၊ တယ်လီဖုန်းတစ်လုံးသည် တစ်ကြိမ်သာပြောင်းလဲနိုင်ကြောင်း၊ Prepaid စနစ်သို့ ပြောင်းလဲလိုသည့် တယ်လီဖုန်းများသည် ၁-၃-၂၀၁၂ ရက်မှ စတင်၍ ပြောင်းလဲနိုင်မည်ဖြစ်ပြီး မိမိတို့ဖုန်းတွင် ငွေဖြည့်ကတ် (Top-Up-Card) များဖြင့် ငွေဖြည့်သွင်း၍ အသုံးပြုရမည်ဖြစ်ကြောင်း။

Prepaid စနစ်သို့ ပြောင်းလဲသည့် တယ်လီဖုန်းများသည် Prepaid စနစ်သို့ မပြောင်းလဲမီအထိ ခေါ်ဆိုထားသည့် တယ်လီဖုန်းခေါ်ဆိုခများကို ယခင်စနစ်အတိုင်း ပေးချေရမည်ဖြစ်ပြီး ကြိုတင်ငွေပေးသွင်းထားသော တယ်လီဖုန်းများသည် Prepaid စနစ်သို့ မပြောင်းလဲမီအထိ ခေါ်ဆိုခများကို ပေးချေပြီးနောက် ပိုငွေကျန်ရှိပါက ပိုငွေကို Prepaidစနစ်သို့ ထည့်သွင်းဖြည့်တင်းပေးမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာနှင့် ALL in FE တယ်လီဖုန်းများသည် Postpaid စနစ်ဖြင့် ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

Prepaid Top-Up-Card များကို အမှတ်(၁၀၃) လမ်း(၄၀) ကျောက်တံတားမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းရုံးနှင့် အမှတ်(၄၆၅/၄၆၉) မဟာဗန္ဓုလလမ်း ပန်းဘဲတန်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငွေစာရင်းရုံးတို့တွင် ဦးစွာရောင်းချပေးသွားမည်ဖြစ်ပြီး တယ်လီဖုန်းအခွန်ငွေလက်ခံသည့် စခန်းများတွင်ပါ ရောင်းချပေးသွားမည်ဖြစ်ကြောင်း။

အသေးစိတ်သိရှိလိုပါက Call Center ဖုန်း-၁၈၇၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရတနာပုံတက္ကသိုလ်၌ တိုင်းရင်းသားရိုးရာပြခန်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၁၇

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့ဂုဏ်ပြု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပစ္စည်းပြခန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ရတနာပုံတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာပစ္စည်းပြခန်းနှင့် နံရံကပ်စာစောင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲနှင့် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၂ (စနေနေ့)

၇း၃၀	အေးချမ်းသာယာပြည်မြန်မာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို
၁၁း၂၅	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၁)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ဗိုက်. . . ဗိုက်. . . ဗိုက်" (ရန်အောင်၊ ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို၊ နဝရတ်နှင့် သရုပ်ဆောင်များ) -ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)**
၂း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၆၀)(ဇာတ်သိမ်း)**
၄း၁၅	လျှပ်တစ်ပြက်
၄း၃၀	မွေးမြူသုတ
၅း၀၀	၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ)
၅း၃၀	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	စားဖို့ဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၁၇)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း လူ့ရှင်တော်စတား **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၁၂) ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၂)**

ရန်ကုန်မြို့ တာမွေမြို့နယ် အမက(၇) တာမွေ၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဆုယူအပြီးတွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ပညာ) ဆရာကြီး ဦးသိန်းစံအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းတို့နှင့်အတူ တွေ့ရစဉ်။ (ပညာရေး)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖန်ချက်စက်ရုံလမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထားပြီး ဖေဖေဦးသောင်းဌေး-မေမေဒေါက်တာယဉ်ယဉ်ကြူတို့၏ သား-မောင်မင်းခန့် (၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဘိုးဘွားများအား တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်အတွက် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စီးပွားရေးပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅) ဘွဲ့ရများ (၁၆)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁) အမှတ်(၄/၆/၁၉၅၄)ရှိ လင်းရောင်နီခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ကိုသက်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဦးရှူပ (ဒုတိယပါမောက္ခချုပ်-ငြိမ်း)မှ Economic Development of Myanmar ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြော၍ တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

၎င်းတို့၏ဘဝရပ်တည်ရန်ခက်ခဲ၍အဝေး၌ အလုပ်လုပ်နေရခြင်းကိုလည်း သိရှိအောင် ဖော်ပြခြင်းဖြစ်ပါကြောင်း၊ လုပ်သားရအောင်စုဆောင်းသည့်အခါတွင် လုပ်ခလစာနှင့် လုံလောက်မှုမရှိသည့်အတွက် ဘဝရပ်တည်ရေးအဆင်ပြေစေရန် သက်ဆိုင်ရာ ဌာန အတော်များများက သက်သာချောင်ချိရေးအမည်တပ်၍ ဆောင်ရွက်ပေးနေခြင်း များလည်း ယနေ့အထိ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ အမှန်မှာ အဆိုပါငွေများသည် နိုင်ငံတော်ကရရှိမည့်ဝင်ငွေများဖြစ်ပါကြောင်း၊ ဤဖြစ်ရပ်ဖြစ်စဉ်သည် နိုင်ငံအတွက်၊ ဌာနအတွက်၊ ပြည်သူအတွက်ကောင်းသည့်ကိစ္စမဟုတ်သည်ကို မိမိအတွေ့အကြုံနှင့် ယှဉ်၍သုံးသပ်မိပါကြောင်း။

ထို့ကြောင့် မိမိတို့ လေ့လာသုံးသပ်စိစစ်ပြီး အတည်ပြုရမည့်စီမံကိန်းနှင့် ဘတ်ဂျက်ကို တကယ့်စိတ်ကောင်းစေတနာ ဉာဏ်အမြော်အမြင်ဖြင့် စိစစ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် မိမိတင်ပြသည့်အတိုင်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်က အဂတိကိုဖြစ်စေသည်ဆိုလျှင် မိမိတို့မလိုလားသည့် လာဘ်ပေးလာဘ်ယူကိစ္စကို ဖြစ်စေသောအကြောင်းများလည်း ရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များကိုယ်တိုင် အဂတိကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ပြည်သူများ၊ ဝန်ထမ်းများအဂတိကင်းရှင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးအတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခွန်ကောက်ခံမှုစနစ်နှင့် အခွန်ကောက်ခံမှုစနစ်သစ် မည်သို့ရှိသည်၊ မည်မျှအခွန်ကောက်ရမည်ကို ယနေ့အထိမတွေ့ရှိ၊ မသိရှိရသေးပါကြောင်း၊ ယင်းအခွန်ကောက်ခံစနစ်မမှန်လျှင်၊ မကောင်းလျှင် အဂတိ၊ လာဘ်ပေးလာဘ်ယူမှုများရှိတတ်သည်ကို မိမိတို့သတိပြုရမည်ဖြစ်ပါကြောင်း။

အချုပ်အားဖြင့် ဖေဖော်ဝါရီ ၇ ရက်က ပြည်ထောင်စုလွှတ်တော်၌ တင်ပြခဲ့သည့် မိမိ၏တင်ပြချက်သည် စိတ်ကောင်းစေတနာနှင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အမှန်တကယ်ဖြစ်ပါကြောင်း၊ အမှန်တကယ်တိုးတက်အောင် ပြုပြင်ပြောင်းလဲရန်လည်းလိုပါကြောင်း၊ ထိုသို့သတ္တိရှိရှိ ရဲရဲဝံ့ဝံ့မတင်ပြဘူးဆိုပါက မိမိကိုလည်း ခွင့်မလွှတ်ကြပါရန် တင်ပြခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ပြည်သူ့ကိုယ်စားလှယ်များ နားလည်ပေးကြမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၏ စစ်မှန်သောထောက်ခံမှုသည် မိမိကိုယ်ကျိုး၊ မိမိရာထူးနှင့် ဂုဏ်အတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် နောင်အနာဂတ်မျိုးဆက်သစ်နိုင်ငံသားများအတွက်သာ ဖြစ်ပါကြောင်း၊ မိမိတို့တင်ပြဆွေးနွေးနိုင်ခွင့် အခွင့်အရေးရသည့်အချိန်တွင် မတင်ပြ၊ မဆွေးနွေးကြလျှင် လုပ်သင့်သည့်အလုပ်ကို မလုပ်သည့်အတွက် အမှားတစ်ခုကျူးလွန်ရာရောက်မည်ဟု ယုံကြည်ခံယူပါကြောင်း၊ ယနေ့ နိုင်ငံနှင့်နိုင်ငံသားများအတွက်ဘဝပေးပြီး ဆောင်ရွက်မည်ဟုလည်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ကတိပြုပါကြောင်းဖြင့်ပြောကြားသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ပြည်ထဲရေးဆိုင်ရာမေးခွန်း(၃)ခု နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြန်လည်ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **မြန်မာနိုင်ငံအတွင်း၌ ပြည်ပမှ လာရောက်ဆောင်ရွက်နေကြသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)၊ INGOs အဖွဲ့အစည်းပေါင်း မည်မျှရှိသည်၊ ၎င်းအဖွဲ့များ ဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားမည်မျှရှိသည်၊ မည်သို့သောမူဝါဒများဖြင့် လက်ခံဆောင်ရွက်စေသည်၊ ချုပ်ဆိုသော စာချုပ်များမည်မျှရှိသည်၊ ယင်းတို့၏လုပ်ငန်းဆောင်တာများကို နိုင်ငံတော်အစိုးရအနေဖြင့် စိစစ်ကြီးကြပ်ညှိနှိုင်းမှုများ ရှိ/မရှိနှင့် ရှိပါက မည်ကဲ့သို့စိစစ်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်သည်၊ မိမိတို့နိုင်ငံအတွင်းသို့ လာရောက်သည့်အခါ ယူဆောင်လာသည့် နိုင်ငံခြားငွေများနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းက မည်သို့စိစစ်ကြီးကြပ်ဆောင်ရွက်သည်၊ အချို့သောအဖွဲ့များသည် ပုံစံတစ်မျိုးမျိုးဖြင့် လူကုန်ကူးမှုများပြုလုပ်နေသည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ လေ့လာသိရှိခြင်း ရှိ/မရှိ၊ ပြည်တွင်းပုဂ္ဂလိက NGOs အဖွဲ့အစည်းများအရေအတွက် မည်မျှရှိသည်နှင့် ၎င်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအပေါ် လေ့လာတွေ့ရှိချက်တို့ကိုသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း၌ ပြည်ပမှလာရောက်ပြီး လုပ်ငန်းဆောင်ရွက်နေကြသော အစိုးရမဟုတ်သည့် INGO အဖွဲ့အစည်း(၅၃)ဖွဲ့ရှိသော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထား၍ မှတ်ပုံတင်ခွင့်ပြုထားသော INGO အဖွဲ့ (၆)ဖွဲ့သာ ရှိပါကြောင်း၊ မှတ်ပုံတင်ခွင့်မရသေးသော ကျန်ရှိသည့် INGO (၄၇)ဖွဲ့အနက် (၁၃)ဖွဲ့သည် လက်ရှိလျှောက်ထားဆဲဖြစ်သည့်အတွက် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ INGO အဖွဲ့(၅၃)ဖွဲ့သည် ပညာရေး၊ ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေးနှင့် သန့်ရှင်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ် လျော့ချရေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် လုပ်ငန်းရပ်ပေါင်း(၆၇)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ပြည်တွင်း NGO အသင်းအဖွဲ့များအနေဖြင့် (၂၇၈)သင်း မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

ပြည်ပမှလာရောက်ဆောင်ရွက်နေကြသည့် INGO၊ NGO အဖွဲ့အစည်းများကို လက်ခံဆောင်ရွက်ရာတွင် NGO အဖွဲ့များအတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်နိုင်ရန်မူဝါဒဖြင့် လက်ခံဆောင်ရွက်ပါကြောင်း၊ NGO များနှင့်ပတ်သက်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ထားသော အဖွဲ့အစည်းဖြစ်ရန်မူဝါဒထားရှိပြီး ယင်းအဖွဲ့အစည်း၏ ရည်ရွယ်ချက်ပါလုပ်ငန်းစဉ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို မထိခိုက်စေသည့် လုပ်ငန်းစဉ်များဖြစ်ရန်ဦးတည်ပြီး နေရာဒေသအချို့နှင့် ပြည်သူများ၏လိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းဆောင်ရွက် အထောက်အပံ့ပြုနိုင်ရေးကိုဦးတည်ကာ လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း။

NGO များနှင့်ပတ်သက်၍ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ဥပဒေပါအချက်များနှင့်အညီ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်လက်မှတ်တွင် စည်းကမ်းချက်များသတ်မှတ်ပြီး ဆောင်ရွက်သည့်အတွက် သီးခြားစာချုပ်ချုပ်ဆိုခြင်းမရှိပါကြောင်း၊ INGO အဖွဲ့အစည်းများနှင့် ပတ်သက်၍ ၎င်းအဖွဲ့အစည်းများ၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် နားလည်မှုစာချွန်လွှာရေးထိုးပြီးလုပ်ငန်းများကို စိစစ်ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့များအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နေရာဒေသအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ မြို့နယ်အဆင့်တွင် သက်ဆိုင်ရာအသင်းအဖွဲ့များ၏ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကို(၁)လတစ်ကြိမ် ခေါ်ယူတွေ့ဆုံဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (၄)လတစ်ကြိမ် ခေါ်ယူတွေ့ဆုံဆွေးနွေးကြီးကြပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုအခြေအနေ စိစစ်တွေ့ရှိချက်များကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်စေလျက်ရှိပါကြောင်း။

INGO နှင့် NGO များ နိုင်ငံအတွင်း အများပြည်သူ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသည့်အတွက် သက်ဆိုင်ရာဒေသများ၌ နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံကောင်းများရရှိနိုင်သကဲ့သို့ ပြည်သူလူထု၏ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အားသာချက်များရှိသည်ကို လေ့လာသုံးသပ်တွေ့ရှိရပါကြောင်း၊ သို့သော်လည်း နိုင်ငံရေးအင်အားစုများအပေါ်တွင် ဩဇာသက်ရောက်နိုင်ရန်အတွက် ငွေကြေးပံ့ပိုးမှုများ၊ အထောက်အပံ့များ၊ အကူအညီပေးမည့်ကိစ္စများ၌ အစိုးရချင်း ဆောင်ရွက်သည့်ပုံစံမျိုးထက် ဆောင်ရွက်လာနိုင်သည့်အတွက် နိုင်ငံတော်၏ဦးတည်ချက်များကို ထိခိုက်စေနိုင်ပါကြောင်း၊ ထို့ကြောင့် INGO များနှင့် လက်မှတ်ရေးထိုးသည့် MOU များကို အထူးဂရုပြုလေ့လာရန်လိုအပ်ပြီး နိုင်ငံရေးအရောင်အသွေးကင်းသော နိုင်ငံရေးနှောင်ကြိုးကင်းသော အထောက်အကူ၊ အထောက်အပံ့များအဖြစ်နှင့် နိုင်ငံတော်တွင် အမှန်တကယ်လိုအပ်နေသော ပြည်သူလူထု၏အကျိုးကို တိတိကျကျခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

ပြည်သူ့လွှတ်တော်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လုပ်ငန်းများလုပ်ကိုင်ရန် ဆက်သွယ်ကမ်းလှမ်းလာသော INGO အဖွဲ့အစည်းများကို ၎င်းတို့၏အဆိုပြုချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက အသေးစိတ်လေ့လာပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့တင်ပြ၍ သဘောတူခွင့်ပြုချက်ရယူပြီးမှသာ ၎င်း INGO အဖွဲ့အစည်းများနှင့် စာချုပ်ချုပ်ဆိုခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုရှိ/မရှိ သက်ဆိုင်ရာဒေသရှိ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များက အနီးကပ်စစ်ဆေးကြပ်မတ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ယနေ့အချိန်အထိ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ပြည်တွင်းမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ မူလသဘောတူညီချက်စာချုပ်ပါ စည်းကမ်းချက်များ၊ ဒေသဆိုင်ရာဓလေ့ထုံးတမ်းအစဉ်အလာများကို ကျူးလွန်ဖောက်ဖျက်မှုများ မရှိသေးသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

INGO နှင့် NGO အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအတွင်းလာရောက်သည့်အခါ ယူဆောင်လာသော နိုင်ငံခြားငွေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကစိစစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ပြဋ္ဌာန်းထားသော ငွေကြေးမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရပါကြောင်း၊ INGO များအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ကြရာတွင် ရန်ပုံငွေခွဲဝေသုံးစွဲခွင့်ကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် INGO တို့က ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြကြောင်းကို သိရှိရပါကြောင်း။

INGO၊ NGO အဖွဲ့အစည်းများအနေဖြင့် ဘာသာရေးအဖွဲ့အစည်းအမည်ခံ၍ဖြစ်စေ၊ အခြားအမည်တစ်ခုခုဖြင့်ဖြစ်စေ၊ မိဘမဲ့ကလေးသူငယ်များ ကယ်ဆယ်စောင့်ရှောက်ရေးနှင့် အမျိုးသမီးငယ်များ အလုပ်အကိုင်ရှာဖွေပေးရေး စသည့်ပုံစံတစ်မျိုးမျိုးဖြင့် လူကုန်ကူးမှုများပြုလုပ်နေသော ဖြစ်စဉ်များမရှိအောင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများက စောင့်ကြည့်လေ့လာဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် INGO အဖွဲ့အစည်းများသည် အစိုးရဌာနအဖွဲ့အစည်းများနှင့် ဒေသခံ NGO များ ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ လုပ်ထုံးလုပ်နည်းများ ကွဲပြားကြသည်ကိုတွေ့ရပါကြောင်း၊ လုပ်ထုံးလုပ်နည်းများ မှန်ကန်မှုမရှိခြင်း၊ လုပ်ထုံးလုပ်နည်းအမျိုးမျိုး ကွဲပြားလျက်ရှိခြင်းတို့ကြောင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများ ထိရောက်သင့်သလောက် ထိရောက်မှုမရှိသည်ကို လေ့လာသုံးသပ်တွေ့ရှိရပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ NGO များနှင့် INGO များက နိုင်ငံတော်အစိုးရနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ၎င်းတို့ရဲ့ ရည်ရွယ်ချက်တွေ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခန်းကဏ္ဍအသီးသီး၏ လိုအပ်ချက်များကို ဖြည့်စွက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **ဘာသာရေးဆိုင်ရာကိစ္စများတွင် နှစ်စဉ်အစဉ်အလာမပျက်ဆောင်ရွက်ကြသည့် ဘာသာရေးဆိုင်ရာအခမ်းအနားများ ပြုလုပ်ရန်ခွင့်ပြုမိန့်တောင်းခံသည့်ကိစ္စတွင် သက်ဆိုင်ရာ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော နိုင်ငံသားများသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိကြပြီး မိမိတို့၏ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ဘာသာရေးပွဲများ၊ အခမ်းအနားများ၊ ဘာသာရေးဆိုင်ရာ ပျော်ပွဲရွှင်ပွဲများကို သက်ဆိုင်ရာနေ့ရက်များအလိုက် ကျင်းပခွင့်ကို မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ဘာသာရေးဆိုင်ရာ တရားပွဲ၊ ဝတ်ပြုဆုတောင်းပွဲ၊ ဘာသာရေးနှင့်သက်ဆိုင်သော ပျော်ပွဲရွှင်ပွဲကျင်းပခွင့်ပြုမိန့် တောင်းခံခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ခွင့်ပြုမှုအတိုင်းအတာပေါ်တွင်မူတည်၍ ဆောင်ရွက်ကြရပါကြောင်း၊ ပွဲသဘင်ကျင်းပလိုသည့် အဖွဲ့အစည်းသို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် ကျင်းပမည့်နေရာနှင့် ပတ်သက်သည့် လုံခြုံရေးစီမံချက်၊ ကျင်းပဆောင်ရွက်မည့်အစီအစဉ်၊ သက်ဆိုင်သည့်ဌာနဆိုင်ရာတို့၏ ထောက်ခံချက်အသီးသီးတို့ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရပါကြောင်း၊ ယင်းလျှောက်ထားချက်ကို သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်၍ ခွင့်ပြုပေးနိုင်သည့်အတိုင်းအတာဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးက ခွင့်ပြုမိန့်ထုတ်ပေးပါကြောင်း၊ လူအများစုဝေးတက်ရောက်ကြသည့် အထူးတလည်ကျင်းပသော အခမ်းအနားများဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ ထပ်ဆင့်ထောက်ခံတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အမှုဆောင်အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဘာသာရေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပပြုလုပ်ခွင့်ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဗုဒ္ဓဘာသာအနေဖြင့် မဇ္ဈိမပူဇာပွဲတော်ပြုလုပ်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအမှတ်(၄၁)တွင် စေတီအသစ်တည်ခြင်း၊ စေတီအဟောင်းပြုပြင်ခြင်း၊ ကျောင်းသစ်ဆောက်လုပ်ခြင်း၊ တရားဟောခြင်း၊ အလှူခံခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ပြုလုပ်ဆောင်ရွက်ကြစေရန်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း မဇ္ဈိမပူဇာပွဲ ကျင်းပပြုလုပ်ခွင့်ကို သံဃအဖွဲ့အစည်းများမှ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့၏ စိစစ်ဆုံးဖြတ်ထားပြီးဖြစ်သော အဓမ္မဝါဒ၊ အယူဝါဒများ ဟောကြားခြင်း၊ ရေးသားဖြန့်ဝေခြင်းများ မဖြစ်ရလေအောင် သံဃနာယကအဖွဲ့အဆင့်ဆင့်မှ စိစစ်ထောက်ခံပေးမှုအပေါ် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

မြို့နယ်များတွင် ကျင်းပပြုလုပ်လျက်ရှိသော ပဋ္ဌာန်းပွဲများ၊ တရားစခန်းများ၊ နတ်ကနားပွဲများ၊ ဘုန်းကြီးပျံပွဲများ၊ အခါရာသီအလိုက်ပြုလုပ်လေ့ရှိသည့် ဘာသာအလိုက် ဝတ်ပြုဆုတောင်းပွဲများ ကျင်းပပြုလုပ်ခြင်းကို သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တင်ပြရန်မလိုအပ်ဘဲ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနကစိစစ်၍ သတ်မှတ်ထားသော ပွဲကျင်းပခွင့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် ခရိုင်အုပ်ချုပ်ရေးမှူးက ခွင့်ပြုပေးလျက်ရှိပါကြောင်း။

လူစည်ကားပြီး အချက်အချာကျသောနေရာများတွင် လူစုလူဝေးဖြင့် ဘာသာရေးဆိုင်ရာပွဲများ၊ အခမ်းအနားကျင်းပရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးလာနိုင်သည့်အကြောင်းကိစ္စများ မဖြစ်ပေါ်စေရေးအတွက် အများပြည်သူ၏ လုံခြုံရေးစီမံဆောင်ရွက်ပေးရခြင်း၊ ထိုအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သော ဖိတ်ကြားထားသည့် အကြီးအကဲပုဂ္ဂိုလ်များအတွက် လုံခြုံရေး အခင်းအကျင်းများ စီမံဆောင်ရွက်ပေးရခြင်းကို ပွဲကျင်းပသူတို့နှင့် တိုင်ပင်ညှိနှိုင်း၍ ကြိုတင်စီမံဆောင်ရွက်ပေးရခြင်းများအတွက် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ ထောက်ခံချက်၊ လုံခြုံရေးဆိုင်ရာထောက်ခံချက်၊ သက်ဆိုင်သည့်ဌာနဆိုင်ရာတို့၏ ထောက်ခံချက်များနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီးမှ ခွင့်ပြုပေးရခြင်းများရှိသဖြင့် ပွဲကျင်းပမည့်ရက်မတိုင်မီ ကြိုတင်၍လျှောက်ထားရခြင်းဖြစ်သည်ကို သိရှိရပါကြောင်း။

ဘာသာရေးဆိုင်ရာ အခမ်းအနားကျင်းပမှုနှင့် ဥပဒေအရငြိမ်းချမ်းစွာစုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ကိစ္စရပ်များသည် လူအများစုပေါင်းဆောင်ရွက်ခြင်းမှန်သော်လည်း သဘောသဘာဝအရ တူညီမှုမရှိကြောင်း တွေ့ရှိရပါကြောင်း၊ ဘာသာရေးအခမ်းအနားများတွင် သက်ဝင်ယုံကြည်သူပရိသတ်များပြားသည်နှင့်အမျှ သက်ဆိုင်သည့်ဌာနဆိုင်ရာများမှ ကြီးကြပ်တာဝန်ယူကူညီမှုအပိုင်းမှာလည်း ဂရုတစိုက်ဆောင်ရွက်ရပါကြောင်း၊ ဒေသလုံခြုံရေး၊ မီးဘေးလုံခြုံရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးသွယ်တန်းမှု၊ ယာဉ်ရပ်နားရန်နေရာသတ်မှတ်မှု စသည့်တာဝန်ယူဆောင်ရွက်ကြသည့် လုပ်ငန်းစဉ်များရှိသည့်အတွက် အဆင့်ဆင့်သောထောက်ခံချက်များဖြင့် တင်ပြဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

လူစုလူဝေးဖြင့်ကျင်းပသော အခမ်းအနားများ၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များမှအပ မြို့နယ်အတွင်း နှစ်စဉ်အစဉ်အလာမပျက် ပုံမှန်ကျင်းပသည့် တရားပွဲများ၊ ဝတ်ပြုဆုတောင်းပွဲများ၊ ဘာသာရေးဆိုင်ရာပျော်ပွဲရွှင်ပွဲများ ကျင်းပခွင့်ကို သက်ဆိုင်ရာမြို့နယ်အား ကြီးကြပ်ကွပ်ကဲရသည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်၍ ခရိုင်အုပ်ချုပ်ရေးမှူးက တစ်ပတ်အတွင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်၍ လူအများစုဝေးတက်ရောက်သော အခမ်းအနားများ၊ ဘာသာရေးဆိုင်ရာပွဲများတွင် မလိုလားအပ်သော ပြဿနာများမဖြစ်ပွားစေရေးအတွက် လုံခြုံရေးကိုရှေးရှု၍ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်စေခြင်းမပြုဘဲ သက်ဆိုင်ရာ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုဖြင့် ခွင့်ပြုဆောင်ရွက်ပေးခြင်းသာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်တွင် ၂၉-၁၂-၂၀၁၁ ရက်နေ့က ဖြစ်ပွားခဲ့သော မီးလောင်ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး နောင်အလားတူ ပေါက်ကွဲမှုများဖြစ်စေနိုင်သောပစ္စည်းများထားရှိမှုကို ကာကွယ်သောအားဖြင့် အရေးယူနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ သင်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက်၊ ပန်းရိုက်လမ်းရှိ ဟုန်ရှင်းငါးသားလွှာအအေးခန်းစက်ရုံတွင် အမိုးနီးယားပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်ကို သိရှိခြင်းရှိ/မရှိနှင့် ပြည်သူများအား အန္တရာယ်ပေးနိုင်သော စက်ရုံ၊ အလုပ်ရုံများ ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် အလှမ်းကွာဝေးသောနေရာများသို့ ပြောင်းရွှေ့ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်တွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့က ဖြစ်ပွားခဲ့သော အဆိုပါမီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍လည်းကောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

❋ စာမျက်နှာ ၃ မှ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ခေါင်းဆောင်သောအဖွဲ့ဝင်(၉)ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်း၍လည်းကောင်း စစ်ဆေးဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ တွေ့ရှိချက်များအရ တာဝန်ရှိသူ(၅)ဦးကို မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးက စစ်ဆေးဆဲဖြစ်ပါကြောင်း၊ ထို့ပြင် တာဝန်ရှိသည့် တရားခံ(၃)ဦးကိုလည်း ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဥပဒေရုံးကို အကြံပြုချက်တောင်းခံထားရှိပြီး တရားစွဲဆိုတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ ယခုကဲ့သို့ လူအများအပြား သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မီးလောင်ပေါက်ကွဲမှုနှင့်ပတ်သက်၍ ထိရောက်ဟန့်တားနိုင်သော ပြစ်ဒဏ်များချမှတ်ပေးနိုင်ရေးအတွက် ခိုင်လုံသည့်သက်သေအထောက်အထားများနှင့်အတူ တရားစွဲတင်ထားပြီးဖြစ်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးက စစ်ဆေးဆဲဖြစ်ပါကြောင်း။

သင်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက်၊ ပန်းရိုက်လမ်းရှိ မုတ္တမပင်လယ်ကုမ္ပဏီငါးအသားလွှာ အအေးခန်းစက်ရုံတွင် အသုံးပြုသော အမိုးနီးယားဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ တွင် စက်ရုံအတွင်းသွယ်တန်းထားသည့် ပိုက်လိုင်းပိုက်ဆက်ဟပြီး အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ စက်ရုံအလုပ်သမားများ၏ ပြုပြင်မှုကြောင့် မိနစ်(၃၀)ခန့်အကြာတွင် ပြုပြင်နိုင်ခဲ့ပါကြောင်း၊ ၎င်းစက်ရုံနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှစစ်ဆေးခဲ့ရာ ဓာတ်ငွေ့အအေးပေး Unit ဖြစ်သည့် Condenser ရှိ Safety Valve မှ Seal အထိုင်မကျမှုဖြစ်ပြီး အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ Condenser ရှိ Safety Valve အား အသစ်လဲလှယ်အသုံးပြုထားကြောင်း၊ ဤကဲ့သို့ အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုမှာ ယခင်ကဖြစ်ခဲ့ဖူးခြင်းမရှိဘဲ ယခုတစ်ကြိမ်တည်းသာ ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် စက်ရုံအနောက်ဘက်ရှိ ကျူးကျော်ရပ်ကွက်မှ လူအချို့ထိတ်လန့်ဖြစ်ခဲ့ပြီး ၎င်းတို့ထဲမှ နှလုံးရောဂါသည်တစ်ဦးအား ထိတ်လန့်မှုဖြစ်သည့်အတွက် စံပြဆေးရုံသို့ တက်ရောက်ကုသစေခဲ့ရာ သက်သာမှုရရှိခဲ့ကြောင်း၊ စက်ရုံဝန်ထမ်းနှင့် အခြားထိခိုက်သူမရှိပါကြောင်း၊ အမိုးနီးယားဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ခဲ့ခြင်း မဟုတ်ဘဲ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ခဲ့ခြင်းသာဖြစ်သည်ကို စစ်ဆေးသိရှိရပါကြောင်း။

ထိုအအေးခန်းစက်ရုံသည် စက်မှုဝန်ကြီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးဝန်ကြီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုင်စင်များကိုင်ဆောင်ပြီး ဆောင်ရွက်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အဆိုပါစက်ရုံ၏ အမိုးနီးယားယိုစိမ့်မှု ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ထပ်မံစစ်ဆေးပြီးမှသာ စက်ရုံလိုင်စင်ထုတ်ပေးမည်ဖြစ်သည်ကို သိရှိရပါကြောင်း။

ဖော်ပြပါ ဂိုဒေါင်များ၊ စက်ရုံများတွင် ပြည်သူများအား အန္တရာယ်ပေးနိုင်သော ပေါက်ကွဲမှုဖြစ်ပွားနိုင်သော ဓာတုပစ္စည်းများသိုလှောင်ခြင်း၊ စည်းကမ်းမဲ့အသုံးပြုခြင်း မရှိစေရန်အတွက် ပစ္စည်းများထားသိုသည့် သိုလှောင်ရုံ ဂိုဒေါင်များစာရင်းကို မြို့နယ်အလိုက် စိစစ်ကောက်ယူလျက်ရှိပါကြောင်း၊ အန္တရာယ်ရှိနိုင်သော သိုလှောင်ရုံများကို လူနေရပ်ကွက်များနှင့် အလှမ်းကွာဝေးပြီး လုံခြုံရေးအရ ကြည့်ရှုကာကွယ်ပေးနိုင်မည့် နေရာများကို ရွှေ့ပြောင်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက်လည်း စက်မှုဝန်ကြီးဌာနအနေဖြင့် ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲထားပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

စက်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများစုဖွဲ့တည်ရှိမှုကို တဖြည်းဖြည်းချင်းကူးပြောင်းပြီး စက်မှုဇုန်ကြီးများကို တည်ဆောက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့တော်ကြီးများအပြင် မြို့များပါမကျန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် လိုအပ်သော City Development Plan နှင့် Township Development Plan များကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး အဆိုပါ Plan များတွင် တည်နေရာချထားသည့်အတိုင်း စက်ရုံ/အလုပ်ရုံများကို အစုအဖွဲ့အလိုက် ရွှေ့ပြောင်းချထားနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် မြို့နယ်အလိုက်စိစစ်ကောက်ယူပြီးဖြစ်သည့် အန္တရာယ်ရှိနိုင်သော သိုလှောင်ရုံများကို လူနေရပ်ကွက်များနှင့်အလှမ်းကွာဝေးပြီး လုံခြုံရေးအရကြည့်ရှုအကာအကွယ်ပေးနိုင်မည့်နေရာများကို ရွှေ့ပြောင်းပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ စက်မှုဆိုင်ရာမေးခွန်း(၃)ခုနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြန်လည်ဖြေကြားသည်။

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏**ပြည်တွင်း၌ ပုဂ္ဂလိကဆေးဝါးစက်ရုံများ ထူထောင်ခွင့်ပြုပေးရန် အစီအစဉ်ရှိ /မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြားငွေအသုံးပြု၍ ပြည်ပမှ အနောက်တိုင်းဆေးဝါးများ တင်သွင်းနေမှုအား လျှော့ပါးစေရေး၊ နိုင်ငံခြားငွေ သုံးစွဲမှုလျှော့နည်းစေရေးနှင့် ခေတ်မီသည့်အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် နည်းပညာများ ရရှိစေရေးရည်ရွယ်ပြီး ပြည်တွင်း၌ အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် စက်ရုံများ တည်ထောင်နိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် စက်ရုံ(၇)ရုံအား တည်ထောင်နိုင်ရန် မူအားဖြင့် သဘောတူခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ၎င်းအပြင် နိုင်ငံပိုင်အနောက်တိုင်းဆေးဝါးထုတ်လုပ်သည့် စက်ရုံများအနေဖြင့် စက်မှုဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ရန်ကုန်)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)နှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံတို့သည် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် တပ်မတော်ဆေးဝါးစက်ရုံ (မှော်ဘီ)နှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)တို့သည်လည်းကောင်း အသီးသီးတည်ထောင်ဖွင့်လှစ်ထားပြီး အနောက်တိုင်းဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **ရွှေတောင်မြို့ပေါ်ရှိ လူနေရပ်ကွက်များတွင် ကျောက်ကြိတ်စက်၊ ဆန်စက်၊ ပဲခွဲစက်နှင့်ယိုစုံလုပ်ငန်းများ လုပ်ကိုင်နေရာ ပတ်ဝန်းကျင်ဆိုးကျိုးများ ဖြစ်ပေါ်နေသဖြင့် ရွှေတောင်မြို့၌စက်မှုဇုန်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် စက်မှုဇုန်(၁)ခုအား တည်ထောင်ထားပြီးဖြစ်ပါသောကြောင့် ရွှေတောင်မြို့ရှိ ဖော်ပြပါ အသေးစားစက်မှုလုပ်ငန်းများကို ပြည်စက်မှုဇုန်နေရာသို့သွားရောက် ပူးပေါင်းဆောင်ရွက်ပါက လတ်တလောအဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ မြို့များအတွက် City Development Plan & Township Development Plan တို့ကို တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများမှ စတင်ပြုစုရေးဆွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ Development Plan များ ရေးဆွဲပြီးစီးပါက ကဏ္ဍအလိုက် စနစ်တကျဖြစ်ပေါ်လာစေမည်ဖြစ်ပါကြောင်း၊ မြို့ကြီး၊ မြို့နှင့်ကျေးရွာများအားလုံးဖွံ့ဖြိုးတိုးတက်စေရန် အနာဂတ်အစီအမံများကိုရေးဆွဲပြီး နေရာချထား တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရွှေတောင်မြို့တွင် စက်မှုဇုန်တည်ထောင် ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏**သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက်ရှိ Geo Tech Pile Co.Ltd မှ ပိုင်တိုင်များထုတ်လုပ်သည့်စက်ရုံကြောင့် အဆိုပါရပ်ကွက်ရှိ လမ်းမကြီးပျက်စီးခြင်း၊ စက်ရုံ၏ ဆူညံမှုကြောင့် ရပ်ကွက်သူ/သားများ ညစဉ်အိပ်ရေးပျက်ကြရမှုအား နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဖြေရှင်းပေးမည်နည်းနှင့် လူနေရပ်ကွက်များအတွင်းရှိ စက်ရုံကြီးများကို သက်ဆိုင်ရာစက်မှုဇုန်များသို့ ပြောင်းရွှေ့စေရန် အစီအစဉ်ရှိ /မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ Geo Tech Pile Co. Ltd မှ ပိုင်တိုင်များ ထုတ်လုပ်နေမှုအပေါ် ရပ်ကွက်နေပြည်သူများ၏ ကန့်ကွက်မှုကြောင့် ၁၈-၁-၂၀၁၂ ရက်တွင် လုပ်ငန်းလည်ပတ်မှုကိုရပ်တန့်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၎င်းစက်ရုံအား ပိတ်သိမ်းရန်သတိပေးစာကို ၂၀-၁-၂၀၁၂ ရက်တွင် ပေးပို့ထားပြီးဖြစ်ပါကြောင်း။

စက်ရုံတွင် တပ်ဆင်ထားသည့်စက်ပစ္စည်းများ၊ ထုတ်လုပ်ပြီးသည့်ကုန်ချောများနှင့် ကျန်ရှိသောကုန်ပစ္စည်းများကို ၂၈-၂-၂၀၁၂ရက်အပြီး ပြောင်းရွှေ့ပေးရေးနှင့်ပျက်စီးသွားသော ရေနံ့သာလမ်းမကြီးကို မူလကတ္တရာလမ်းအတိုင်း Geo Tech Pile Co.Ltd မှ

စက် မှု ဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးသိန်း မေး မြန်း ချက် များ ကို ပြန်လည်ဖြေ ကြားစဉ်။
(သတင်းစဉ်)

၃၁-၃-၂၀၁၂ရက်နေ့အပြီး ပြန်လည်ပြုပြင်ပေးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

သက်ဆိုင်ရာစက်မှုဇုန်များတွင် စက်ရုံမြေနေရာများအား လုံလောက်စွာဖော်ထုတ်နိုင်မှု၊ အခြေခံအဆောက်အအုံများဖြစ်သော လမ်းများပြုပြင်မှု၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့်အစီအမံများ ပြည့်စုံစွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများအပေါ် မူတည်၍ စက်ရုံများ ပြောင်းရွှေ့ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြို့တော်ကြီးများအပြင် မြို့များပါစနစ်တကျဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် City Development Plan & Township Development Plan တို့ကို ရေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ Development Planတို့ ဖြစ်ပေါ်ပြဋ္ဌာန်းပြီးပါက Plan များတွင် တည်နေရာချထားသည့်အတိုင်း စက်ရုံ /အလုပ်ရုံများသည်လည်း အစုအဖွဲ့အလိုက် ဖွဲ့စည်းတည်ရှိဖြစ်ပေါ်လာမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၏ ပြန်ကြားရေးဆိုင်ရာမေးခွန်း(၅)ခုနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဖမ်းယူထုတ်လွှင့်မှုအား မည်သည့်အချိန်တွင်စတင်ရန် မည်သို့စီစဉ်ထားရှိသည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်ဘတ်ဂျက်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံပိုင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ 50 W TV Transmitter လွှင့်စက်နှင့် 30 Meter Tower စက်ပစ္စည်းများအတွက် ၂၀၁၁-၂၀၁၂ ဘတ်ဂျက်တွင်ပါရှိပြီး တင်ဒါခေါ်ယူခြင်း၊ ဈေးနှုန်းစိစစ်ခြင်းများ ဆောင်ရွက်ပြီးစီး၍ ဝယ်ယူရန်စာချုပ်ချုပ်ဆိုပြီးဖြစ်ပါကြောင်း၊ အဆိုပါစက်ပစ္စည်းများသည် ၂၀၁၂ ခုနှစ် မတ်လတွင် ရောက်ရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ဧပြီလတွင် စက်တပ်ဆင်ရေးနှင့် ထုတ်လွှင့်ရေးဆောင်ရွက်ပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ သမိုင်းအစဉ်အလာကြီးမားသော လက်ရှိ ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့် ပိဋကတ်တိုက်အား လက်ရှိယိုယွင်းစပြုနေသည်များပြုပြင်ရန်၊ ပြတိုက်/ စာကြည့်တိုက်အဆောင်များ တိုးချဲ့ရန်၊ Internet များ တပ်ဆင်ရန်၊ E-Libraryအဆင့်သို့တိုးမြှင့်ပေးရန် အစီအစဉ်ရှိ /မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ ရှေးဟောင်းသမိုင်းဝင် "လယ်တီစာကြည့်တိုက်" ကို စာကြည့်တိုက်ဆိုင်ရာ ခေတ်မီနည်းစနစ်များ ပံ့ပိုးတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း မေးခွန်းများနှင့် စပ်လျဉ်း၍ တစ်ပေါင်းတည်း ဖြေကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၀၄ ခုနှစ်မှစတင်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်သုံးခု ထားရှိဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပထမရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတကြွယ်ဝရေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ(၇၀)ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံစီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကျေးလက်ပြည်သူများဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်မှာ အသိပညာဗဟုသုတပင်ဖြစ်ပါကြောင်း၊ အသိပညာ ဗဟုသုတရရှိရန်အတွက် အခြေခံမှာ စာပေပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်ပြည်သူများအနေဖြင့် စာအုပ်စာစောင်များကို လက်လှမ်းမီဖတ်ရှုနိုင်ရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများအနေဖြင့် အသိပညာဗဟုသုတပြည့်ဝပြီး အမှားနှင့်အမှန်ကို ခွဲခြားနိုင်ရန် မိမိအမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရန်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ မီဒီယာများ၏ ထိုးဖောက်နိုင်မှုသည်လည်း ကြီးမားကျယ်ပြန့်လာပါကြောင်း၊ ဤသို့ကျယ်ပြန့်လာနေသော ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာများတွင် အကျိုးရှိသည့် တင်ပြချက်များပါသကဲ့သို့ လူမျိုးရေး၊ ဘာသာရေးအရ အစွန်းရောက်အတွေးအခေါ်များကို ဖြန့်ဝေနေမှုများ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအရ လိုရာဆွဲရေးသားမှုများ၊ ညစ်ညမ်းစာနှင့် ရုပ်ပုံများ၊ အကြမ်းဖက်မှုကို အားပေးသည့် တင်ပြချက်များလည်း ပါရှိနေပါကြောင်း၊ ထိုသို့တင်ပြမှုများထဲမှ အမှား၊ အမှန်ကို ရွေးချယ်နိုင်ရန် နိုင်ငံ၊ လူမျိုးနှင့် မိမိအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်ဆိုလျှင် ပြည်သူများအနေဖြင့် အသိပညာ ဗဟုသုတကြွယ်ဝရန် လိုပါကြောင်း၊ အသိပညာဗဟုသုတကြွယ်ဝရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သော စာဖတ်နိုင်အောင်ရည်ရွယ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

တတိယနှင့် အရေးအကြီးဆုံးရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တွင် ဒီမိုကရေစီထွန်းကားရန်ဆိုလျှင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့အစည်းများအတွင်းသာမက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးတွင် ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရန်လိုပါကြောင်း၊ သို့မှသာ ပြည်သူများအနေဖြင့် မိမိတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်မည်ဖြစ်သကဲ့သို့ ကျန်သည့်မဏ္ဍိုင်ကြီးများကိုလည်း စောင့်ကြည့်ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ရန်အတွက် မြန်မာနိုင်ငံ၏ လူဦးရေအများစုဖြစ်သော ကျေးလက်ပြည်သူများသည် အသိပညာ ဗဟုသုတကြွယ်ဝရန်လိုပါကြောင်း၊ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တည်ထောင်ပေးနေခြင်းဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို နိုင်ငံတော်အစိုးရ၏အား၊ ဒေသခံပြည်သူများ၏ အား၊ စေတနာရှင်ပြည်သူများ၏ အား စသည့်အားသုံးအားဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ်အကုန်တွင် မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည့်အနက် ကျေးရွာပေါင်း ငါးသောင်းကျော်တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော်လည်း ထိုစာကြည့်တိုက်များအားလုံးသည် ရေရှည်တည်တံ့နိုင်သော အခြေအနေမရှိသေးပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ်မှ စတင်ပြီး နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စံငါးရပ်နှင့်ပြည့်စုံသည့် စာကြည့်တိုက်များဖြစ်အောင် စတင်ဆောင်ရွက်ခဲ့ရာ၌ ယနေ့အချိန်တွင် စာကြည့်တိုက်ပေါင်း သုံးသောင်းကျော်သည် စံငါးရပ်နှင့်ပြည့်စုံပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သောအခြေအနေကို ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း။

ပြန် ကြား ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးဝင်း မေး မြန်း ချက် များ ကို ပြန်လည်ဖြေ ကြားစဉ်။
(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအားလုံး ရေရှည်တည်တံ့ခိုင်မာရန်အတွက်ဆိုလျှင် နိုင်ငံတော်အား၊ ဒေသခံပြည်သူများ၏အားနှင့်သာ ဆောင်ရွက်၍မရနိုင်သည့်အတွက် စေတနာရှင်ပြည်သူများ၏အားကိုရယူပြီး ပြည်သူများအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ၊ စံငါးရပ်နှင့်ကိုက်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးရန်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုလည်း စေတနာရှင်များက ၁၅-၅-၂၀၁၀ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ရာ မတည်ငွေ သိန်းခုနစ်ထောင်ကျော်ရရှိခဲ့ပြီး အထက်ပါလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ယနေ့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်က မတည်ငွေများထုတ်ပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် စာကြည့်တိုက်သင်တန်းများပို့ချခြင်း၊ စာအုပ် စာစောင်များ အလှူခံပံ့ပိုးပေးခြင်း၊ စာကြည့်တိုက်အတတ်ပညာဆိုင်ရာများ ကူညီပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ခဲ့ရာတွင် ၂၀၀၄ ခုနှစ်မှ ၂၀၁၁ခုနှစ်အကုန်အထိ နိုင်ငံတော်မတည်ငွေကျပ်သိန်းကိုးထောင်သုံးရာ့ငါးဆယ်အပါအဝင် စေတနာရှင်ပြည်သူများက မြေ၊ အဆောက်အအုံ၊ စာအုပ်စာစောင် ကျပ်(၁၄ ဒသမ ၀၅)ဘီလီယံ အသုံးပြုခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးလုပ်ငန်းစဉ်သည် ပြီးဆုံးခြင်းမရှိသေးပါကြောင်း၊ စံငါးရပ်နှင့်ကိုက်ညီပြီး စာကြည့်တိုက်များကိုလည်း ပြန်လည်ပျောက်ပျက်မသွားအောင် ကူညီပံ့ပိုးဖြည့်ဆည်းပေးသွားရမည်ဖြစ်ပါကြောင်း။

ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ပြုပြင်ပေးရန်၊ ပြတိုက်၊ စာကြည့်တိုက်အဆောင်များ တိုးချဲ့ပေးရန်၊ အင်တာနက်တပ်ဆင်ပေးရန်၊ E-Library အဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/မရှိမေးမြန်းခဲ့သည့် ပြည်မြို့ ရွှေဘုန်းပွင့် ပိဋကတ်စာကြည့်တိုက်နှင့် ရွှေတောင်မြို့ လယ်တီပိဋကတ်စာကြည့်တိုက်များသည် မြို့ပေါ်စာကြည့်တိုက်များဖြစ်ပြီး မူလကပင်စေတနာရှင်များက ဖွဲ့စည်းတည်ထောင်ထားသော စာကြည့်တိုက်များ ဖြစ်သည်ကိုတွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှိပါကြောင်း၊ ထိုကဲ့သို့ မြို့ကြီးများတွင်တည်ရှိနေသော စာကြည့်တိုက်များသည် စာအုပ်စာစောင်များ အလွယ်တကူ စည်းရုံးရရှိနိုင်သည့် အခြေအနေရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့်လည်း မြို့ကြီးများတွင်ရှိသည့် စာကြည့်တိုက်များသည် မိမိတို့၏ ရန်ပုံငွေ၊ စေတနာရှင်များ၏ ပါဝင်လှူဒါန်းမှုများနှင့်သာ ဆက်လက်ရပ်တည်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနက ယခုဆောင်ရွက်နေသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းစဉ်သည် အထက်ကရှင်းပြခဲ့သလို စာအုပ်စာစောင်များလက်လှမ်းမမီနိုင်သော **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐**

(18-2)04.pmd 1 2/18/2012, 3:37 AM

❒ စာမျက်နှာ ၄ မှ

အဆောက်အအုံများဆောက်လုပ်ရန် ငွေကြေးအခက်အခဲရှိနေသော ကျေးလက်ဒေသ ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် **ပြန်ကြားရေးဝန်ကြီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းစဉ်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း စီမံချက်အောက်ရှိ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ လုပ်ငန်းနယ်ပယ်ခြောက်ရပ်ထဲတွင် အပါအဝင်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်အတွင်း၌ ထည့်သွင်းပြီး ကျေးလက်ပြည်သူများ အတွက် အသိပညာဗဟုသုတဖြည့်ဆည်းပေးရန်သာမက ကျောင်းပြင်ပ ပညာရေး Non Formal Education အတွက်ပါ ရပ်ရွာပညာပဒေသာ ဌာနအနေဖြင့်အသုံးပြု နိုင်အောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။**

ထို့ကြောင့် လက်ရှိအခြေအနေတွင် ကျေးလက်ဒေသများကိုသာ ဦးစားပေးဆောင်ရွက်နေရခြင်း ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တင်ပြသော စာကြည့်တိုက်နှစ်တိုက်အတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ သို့သော် အဆိုပါစာကြည့်တိုက်များအတွက် အခါအားလျော်စွာ စာအုပ်၊ စာစောင်များ ပေးပို့လှူဒါန်းပေးမည်ဖြစ်ပါကြောင်းနှင့် စာကြည့်တိုက်ဝန်ထမ်းများအတွက် စာကြည့်တိုက်ပညာဆိုင်ရာ သင်တန်းများလိုအပ်ပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျွမ်းကျင်သူများဖြင့် သင်တန်းပို့ချပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်၏ **ယခုထုတ်လွှင့်နေသော ရုပ်သံလွှင့်လိုင်းအမျိုးမျိုးတွင် တိုင်းရင်းသားဘာသာဖြင့် သတ်သတ်မှတ်မှတ်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ /မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသံလွှင့်ဌာနခွဲ တိုင်းရင်းသားအစီအစဉ်မှ တိုင်းရင်းသားဘာသာများဖြင့် သတ်သတ်မှတ်မှတ် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

၁၉၈၈ ခုနှစ်တွင် တိုင်းရင်းသားအစီအစဉ်အား ကချင်၊ ကယား၊ စကောကရင်၊ ပိုးကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း(၈)ဘာသာဖြင့် ညနေ ၅ နာရီမှ ၉ နာရီအထိ ၆ ဘာသာ၊ ည ၈ နာရီ ၁၅ မိနစ်မှ ည ၉ နာရီခွဲအထိ ၂ ဘာသာထုတ်လွှင့်ခဲ့ပါကြောင်း၊ တစ်ဘာသာလျှင် မိနစ် ၃၀ စီ ထုတ်လွှင့်ခဲ့ပြီး ထုတ်လွှင့်သည့်မီတာမှာ (၆၃ ဒသမ ၄၉) မီတာ ဖြစ်ကာ စုစုပေါင်းထုတ်လွှင့်ချိန်မှာ ၄ နာရီဖြစ်ပါကြောင်း။

၁၉၉၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်မှစပြီး တိုင်းရင်းသားအစီအစဉ် အသံလွှင့်ချိန်များကို ညနေ ၄ နာရီမှ ည ၈ နာရီအထိ ၁ နာရီရှေ့တိုး၍ ထုတ်လွှင့်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဇူလိုင် ၁၃ ရက်မှစပြီး တစ်ဘာသာလျှင် ၄၅ မိနစ်စီဖြင့် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ တိုးချဲ့အသံလွှင့်ခဲ့ရာ စုစုပေါင်း တစ်နေ့ထုတ်လွှင့်ချိန် ၆ နာရီ ထုတ်လွှင့်ခဲ့ပါကြောင်း၊ ၂၀၀၉ ခုနှစ် မေလ ၁ ရက်တွင် တိုင်းရင်းသားအစီအစဉ်များကို နေပြည်တော်(တပ်ကုန်း)မှ စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကချင်၊ ကယား၊ စကောကရင်၊ ပိုးကရင်၊ မွန်၊ ရခိုင်၊ ရှမ်းအပြင် "ဝ"ဘာသာကို တိုးချဲ့ထုတ်လွှင့်ခဲ့ပြီး တစ်ဘာသာလျှင် ၄၅ မိနစ်စီဖြင့် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီ ၄၅ မိနစ်အထိ ထုတ်လွှင့်ခဲ့ကာ နေပြည်တော်(တပ်ကုန်း)မှ ၅၀ KW လှိုင်းတို စက်ဖြင့် (၅၀ ဒသမ ၇၁)မီတာ (၅၉၁၉ ကီလိုဟတ်ဇ်)ဖြင့် ထုတ်လွှင့်ခဲ့ပါကြောင်း။

၂၀၀၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစ၍ တိုင်းရင်းသားအစီအစဉ်များကို နံနက်ပိုင်း၊ ညနေပိုင်း (၂)ပိုင်း၊ တစ်နေ့(၂)ကြိမ် ထုတ်လွှင့်ခဲ့ပါကြောင်း၊ နေပြည်တော်ရှိ ၅၀ KW လှိုင်းတိုစက်ဖြင့် (၅၀ ဒသမ ၇၁)မီတာ (၅၉၁၉ KHZ) တွင် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ(၁)ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီထိ(၁)ကြိမ်၊ ထုတ်လွှင့်ချိန် နံနက်ပိုင်း ၆ နာရီ၊ ညနေပိုင်း ၄ နာရီဖြင့် စုစုပေါင်းတစ်နေ့ ၁၀ နာရီ ထုတ်လွှင့်ခဲ့ပြီး ထုတ်လွှင့်ခဲ့သည့် အစီအစဉ်များမှာ ကချင်၊ ရှမ်း၊ ချင်း၊ ရခိုင်၊ "ဝ"(၅)ဘာသာဖြစ်ပါကြောင်း၊ ရန်ကုန် (ရေကူး)အသံလွှင့်စက်ရုံရှိ 100KW လှိုင်းလတ်လွှင့်စက်ဖြင့် (၄၁၁ ဒသမ ၅၂)မီတာ(၇၂၉ KHZ)တွင် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (၁)ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ(၁)ကြိမ်၊ ထုတ်လွှင့်ချိန် နံနက်ပိုင်း ၆ နာရီ၊ ညနေပိုင်း ၄ နာရီ၊ တစ်နေ့ ၁၀ နာရီ ထုတ်လွှင့်ခဲ့ပြီး ထုတ်လွှင့်ခဲ့သည့် အစီအစဉ်များမှာ စကောကရင်၊ ပိုးကရင်၊ မွန်နှင့် ကယား ဘာသာစကားအစီအစဉ်(၄)ဘာသာတို့ ဖြစ်ကြပါကြောင်း။

၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ မူလလွှင့်ထုတ်နေသည့် တိုင်းရင်းသားဘာသာ(၉) ဘာသာထုတ်လွှင့်နေသည့်အပြင် မင်းတပ်ချင်း၊ ကိုးကန့်၊ ကယန်း၊ ဂေခိုး၊ ဂေဘား(၅)ဘာသာကို ထပ်မံတိုးချဲ့ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ နေပြည်တော်(တပ်ကုန်း)မှ လှိုင်းတိုစက်ဖြင့် ထုတ်လွှင့်ခြင်းနှင့် ရန်ကုန် (ရေကူး)လှိုင်းလတ်စက်ဖြင့် ထုတ်လွှင့်ခြင်းတို့အား နေ့စဉ်နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ (၁) ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ(၁)ကြိမ်၊ ညနေပိုင်းထုတ်လွှင့်ချိန် ၂ နာရီစီ အချိန်တိုးမြှင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ စုစုပေါင်းထုတ်လွှင့်ချိန်မှာ နံနက်ပိုင်း ၆ နာရီ၊ ညနေပိုင်း ၆ နာရီ၊ တစ်နေ့လျှင် ၁၂ နာရီ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် နေပြည်တော်(တပ်ကုန်း)မှ လှိုင်းတိုလွှင့်စက်ဖြင့် ထုတ်လွှင့်သည့် တိုင်းရင်းသားအစီအစဉ်များမှာ ကချင်၊ ရှမ်း၊ ဖလမ်းချင်း၊ မင်းတပ်ချင်း၊ ရခိုင်၊ "ဝ"၊ ကိုးကန့်တို့ဖြစ်ပြီး ရန်ကုန်(ရေကူး)မှ လှိုင်းလတ်လွှင့်စက်ဖြင့် ထုတ်လွှင့်သည့် တိုင်းရင်းသားအစီအစဉ်များမှာ စကောကရင်၊ ပိုးကရင်၊ မွန်၊ ကယား၊ ဂေခိုး၊ ဂေဘားဖြစ်ပြီး စုစုပေါင်း(၁၄) ဘာသာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

၎င်းအပြင် နေပြည်တော် မြန်မာ့အသံမှ တိုင်းရင်းသားဘာသာ(၁၄)ဘာသာဖြင့် ထုတ်လွှင့်နေသည့် နည်းတူ FM Radio Station များမှလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအစီအစဉ်များကို ထုတ်လွှင့် ပေးလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ပဉ္စဝတီ FM တွင် ရခိုင်မြေမှ ချိုတေးသံ၊ ပတ္တမြား FM မှ ကချင်ဘာသာ အစီအစဉ်များ၊ FM ပုဂံမှ လားဟူမင်္ဂလာပွဲစသည့် အစီအစဉ်များထည့်သွင်းထုတ်လွှင့်လျက်ရှိပါကြောင်း။

ထို့အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှလည်း ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများနှင့် ပြည်ထောင်စုတိုင်းရင်းသားတေးသံများကို နေ့စဉ်အစီအစဉ်တစ်ခုအနေဖြင့် ထုတ်လွှင့်ပေးလျက်ရှိပြီး ပုဂ္ဂလိက ရုပ်သံလိုင်းဖြစ်သော Sky Net ရုပ်သံလိုင်းမှလည်း တိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကဏ္ဍမှ ဂျာနယ်လောကတွင် တစ်ဖက်သတ်ဘက်လိုက်၍ ရေးသားသော အရေးအသားများ ပြည်သူ့ရှေ့မှောက်မှ ပျောက်ကွယ်သွားရေး၊ ပြည်သူ့လိုအင်ဆန္ဒ အမှန်အမှားကိုသမာသမတ်ကျကျ၊ သိက္ခာရှိရှိမျှတစွာ ရေးသားထုတ်ဝေသော တိုင်းကျိုးပြည်ပြုဂျာနယ်များ ထွက်ပေါ်လာရေး၊ ဝါသနာအရင်းခံပြီးဝင်ရောက်လုပ်ကိုင်သော ယုံကြည်ချက်၊ ခံယူချက်ရှိသည့်သူများ စိတ်အေးချမ်းသာစွာ သင့်တင့်သော အရင်းအနှီးဖြင့် ဂျာနယ်များ ထုတ်ဝေရပ်တည်နိုင်ရေးတို့အတွက် စည်းကမ်းမဲ့ငွေရှာ၊ စီးပွားရှာသူများ လျော့နည်းပပျောက်လာရေးနှင့် ဂျာနယ်လောကမှလူငယ်သတင်းထောက်များ ယခုထက်ပိုမို၍ အရည်အသွေးမြင့်မားလာရေးတို့အတွက် မည်သို့အကာအကွယ်ပေးဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကဏ္ဍမှ ဂျာနယ်လောကတွင် တစ်ဖက်သတ်ဘက်လိုက်၍ ရေးသားသောအရေးအသားများ ပြည်သူ့ရှေ့မှောက်မှ ပျောက်ကွယ်သွားရေးအတွက် **ယခုနိုင်ငံတော်အစိုးရအဖွဲ့သစ် တာဝန်ယူချိန်မှစတင်၍ ပြန်ကြားရေးဝန်ကြီးဌာနက လွတ်လပ်မှုနှင့်တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားရှိသော စာပေနှင့်စာနယ်ဇင်းသမားများဖြစ်လာစေရန် တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုဖြင့် ဆောင်ရွက်ကြရန်အပြင် စာပေစိစစ်ရေးမူများသတ်မှတ်၍ စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ နောင်တွင် ပုံနှိပ်ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာသည့်အခါ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စာပေလောကသားများ၊ စာဖတ်သူပြည်သူများကလည်း ထိုသို့သော အရေးအသားများအား ကြိုက်နှစ်သက်ခြင်း မရှိ မဖတ်ဘဲ ဝယ်ယူခြင်းမပြုပါက ချုပ်ငြိမ်းကွယ်ပျောက်သွားမည် ဖြစ်ပါကြောင်း။**

ပြည်သူ့လိုအင်ဆန္ဒ အမှန်အမှားကို သမာသမတ်ကျကျ သိက္ခာရှိရှိ မျှတစွာ ရေးသားထုတ်ဝေသော တိုင်းကျိုးပြည်ပြုဂျာနယ်များ ထွက်ပေါ်လာရေးအတွက် အရည်အသွေးမီသော စတုတ္ထမဏ္ဍိုင်ဖြစ်ပေါ်လာစေရန် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားယှဉ်တွဲရေးသားခြင်း၊ အမျိုးသားရေးကို အခြေခံရေးသားခြင်း၊ ဘက်မလိုက်ခြင်း၊ အကြောင်းအရာတစ်ရပ်ကို တစ်ထောင့်၊ တစ်ဖက်တည်းမှ ရေးသားခြင်းမဟုတ်ဘဲ ထောင့်စုံ/ဘက်စုံမှရေးသား၍ ပြည်သူအားအသိပေးခြင်း၊ စာပေလောကအတွင်း Unity in Democracy တည်ဆောက်ခြင်းစသည့် မူဝါဒ(၅)ရပ်ချမှတ်တိုက်တွန်းပြီး အကောင်အထည်ဖော်ရန် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အနာဂတ်တွင် ပုံနှိပ်ဥပဒေနှင့် အညီပေါ်ပေါက်လာမည့် Press Council ကဲ့သို့ အဖွဲ့အစည်းမျိုးဖြင့် ဆက်လက်ထိန်းကျောင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ဝါသနာအရင်းခံပြီး ဝင်ရောက်လုပ်ကိုင်သော ယုံကြည်ချက်၊ ခံယူချက်ရှိသည့်လူများ စိတ်အေးချမ်းသာစွာ သင့်တင့်သောအရင်းအနှီးဖြင့် ဂျာနယ်များထုတ်ဝေရပ်တည်နိုင်ရေး၊ စည်းကမ်းမဲ့ငွေရှာ၊ စီးပွားရှာသူများ လျော့နည်းပပျောက်လာရေး မည်သို့အကာအကွယ်ပေးနိုင်မည့်အပေါ် ယခုအခါမှတ်ပုံတင်ထားသော ပုံနှိပ်ထုတ်ဝေသူများ၊ ၎င်းတို့၏ထုတ်ဝေစာများနှင့် စည်းကမ်းချိုးဖောက်သူများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်တွင် ပုံနှိပ်ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းပေါ်ပေါက်လာသည့်အခါ ဥပဒေနှင့်အညီ ပြည်သူကသာ ကြပ်မတ်ထိန်းကျောင်းပေးကြရမည်ဖြစ်ပါကြောင်း။

ဂျာနယ်လောကမှ လူငယ်သတင်းထောက်များ ယခုထက်ပိုမို၍ အရည်အသွေးမြင့်မားလာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ ၂၀၀၉ ခုနှစ်မှ စတင်ပြီး စာနယ်ဇင်းအခြေခံပညာသင်တန်း၊ စာနယ်ဇင်းပညာအထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ၎င်းသင်တန်းများတွင် နိုင်ငံတကာမှ စာနယ်ဇင်းအတတ်ပညာရှင်များအား ဖိတ်ခေါ်ခြင်း၊ ပြည်တွင်းမှ ဝါရင့်စာနယ်ဇင်းဆရာကြီးများအား ဖိတ်ခေါ်ခြင်းများဖြင့် သင်ကြားပို့ချပေးခြင်းဖြစ်ပါကြောင်း၊ စာနယ်ဇင်းအခြေခံပညာသင်တန်းနှင့် စာနယ်ဇင်းပညာသင်တန်း(၃)ကြိမ်စီ ဖွင့်လှစ်နိုင်ခဲ့ပြီး လူငယ်သတင်းထောက် (၁၅၀)ဦးခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ စာရေးဆရာအခြေခံသင်တန်းကိုလည်း (၂)ကြိမ် ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး စာရေးဆရာ(၁၀၀)ခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် Press Council ကဲ့သို့ အဖွဲ့အစည်းမျိုးက စာပေနှင့်စာနယ်ဇင်းသမားများအတွက် စာနယ်ဇင်းပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ (Work Shop) နှင့်စာတမ်းဖတ်ပွဲ (Seminor) များပြုလုပ်ခြင်းတို့ဖြင့် အရည်အချင်းမြှင့်တင်ကြရမည် ဖြစ်ပါကြောင်း၊ ၎င်းအပြင် ထုတ်ဝေသူများ၊ ဂျာနယ်တိုက်များ အစီအစဉ်ဖြင့်လည်း စာနယ်ဇင်းသမားများကို အရည်အသွေးမြင့်မားလာအောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စာပေနှင့် စာနယ်ဇင်းသမား (Journalists) များကိုယ်တိုင်ကလည်း အသိစိတ်ဓာတ်ဖြင့် စတုတ္ထမဏ္ဍိုင် ပီသသော အရည်အသွေးမြင့်မားသည့် စာနယ်ဇင်းသမားကောင်းများ ဖြစ်လာစေရန် စဉ်ဆက်မပြတ်လေ့လာပြီး ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း။

ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

နမ့်ခမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာပေစိစစ်ရေးမူများသတ်မှတ်၍ စစ်ဆေးကြပ်မတ်မှုတွင် ပုံနှိပ်သူနှင့် ထုတ်ဝေသူများလိုက်နာရမည့် စာပေထုတ်ဝေရေးဆိုင်ရာ မူဝါဒ(၁၂)ချက်သတ်မှတ်၍ ၎င်းမူဝါဒများအတိုင်း လိုက်နာပုံနှိပ်ထုတ်ဝေစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အနာဂတ်တွင် ပုံနှိပ်ဥပဒေသစ်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် သင့်လျော်ကိုက်ညီမည့် ပုံနှိပ်ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲပြုစုပြီး ပြဋ္ဌာန်းပေါ်ပေါက်လာနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းပုံနှိပ်ဥပဒေသစ်တွင် နိုင်ငံပေါင်း (၂၀)ခန့်၏ ပုံနှိပ်ဥပဒေများအား လေ့လာ၍ စာပေစာနယ်ဇင်းသမားများအတွက် ရပိုင်ခွင့်၊ ကျင့်ဝတ်နှင့်တာဝန်များ၊ စာပေထုတ်ဝေရေးမူဝါဒများ ပါဝင်အောင်ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ နောင်တွင်ပြဋ္ဌာန်းပေါ်ပေါက် လာမည့် ပုံနှိပ်ဥပဒေသစ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ဖေဖော်ဝါရီ ၁၅ ရက်က တင်သွင်းခဲ့သည့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **အမျိုးသားတက္ကသိုလ် (National University) ဥပဒေပြဋ္ဌာန်း တည်ထောင်ဖွင့်လှစ်ရန်**အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေးက မြန်မာ့ပညာရေးအဆင့်မြင့်စေရန်အတွက် မြန်မာ့ပညာရေးအခြေအနေကိုဆန်းစစ်ရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အား တာဝန်ပေးအပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်က ပညာရပ်များစုံလင်စွာ သင်ယူနိုင်မည့် အမျိုးသားတက္ကသိုလ်တစ်ခုကို တည်ထောင်မည်ဆိုပါက ပထမဦးစွာ သုတေသနတက္ကသိုလ်တစ်ခုအဖြစ် စတင်တည်ထောင်သင့်ပါကြောင်း၊ တက္ကသိုလ်တည်ထောင်ရာတွင် သင်ကြားပေးမည့်အရည်အချင်းမြင့်ဆရာများ လိုအပ်သည့်အတွက် အမျိုးသားတက္ကသိုလ်ကို မတည်ထောင်မီ နိုင်ငံခြားပညာတော်သင်များစေလွှတ်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အမျိုးသားတက္ကသိုလ်တည်ထောင်ရန် အစပျိုးလုပ်ငန်းများကိုသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးက ယနေ့အခြေအနေမှာ အခြေခံကောင်းများစွာ ပြည့်စုံနေပြီဖြစ်ပြီး နိုင်ငံတကာတက္ကသိုလ်အဆင့်လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်သည့်အတွက် တည်ဆဲတက္ကသိုလ်ပညာရေးဥပဒေကိုလည်း ခေတ်နှင့်အညီဖြစ်စေရေး ပြင်ဆင်ပြဋ္ဌာန်းရန်စီစဉ်နေပြီဖြစ်သည့်အတွက် ယခုအဆိုမှာ မလိုအပ်တော့ပါကြောင်းဖြင့် ဆွေးနွေးသည်။

စဉ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်းက နိုင်ငံတော်၏စီးပွားရေး၊ ဘဏ္ဍာရေးအဆင်ပြေသည့်အချိန်တွင် လွတ်လပ်သော အမျိုးသားတက္ကသိုလ်တည်ထောင်နိုင်ရန် စဉ်းစားသင့်ပါကြောင်းနှင့် လောလောဆယ်မလိုအပ်သေးပါသဖြင့် အဆိုကို မှတ်တမ်းအဖြစ်သာထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုက ယခုအခါ ဒီမိုကရေစီရေးကို အလေးပေးကြိုးပမ်းနေသည့် ခေတ်နှင့်အညီ နိုင်ငံတော်က နိုင်ငံအတွက် အရည်အချင်းပြည့်ဝသော၊ ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးနိုင်မည့် အခွင့်အရေး၊ အခွင့်အလမ်းများကို တက္ကသိုလ်များသို့ သီးခြားလုပ်ပိုင်ခွင့်ပေးအပ်ရန် အချိန်သင့်နေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က နိုင်ငံတော်၏တက္ကသိုလ်ပညာရေးစနစ်ကို ခေတ်နှင့်တစ်ပြေးညီ တိုးတက်စေရန်နှင့်တက္ကသိုလ်များ၏ ပညာရေးအဆင့်မြှင့်တင်ရန်အတွက် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းပြီး အမျိုးသားတက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်က မျိုးဆက်သစ်လူငယ်များ ပညာအရာတွင် မနိမ့်ကျရအောင် အမျိုးသားတက္ကသိုလ်အတွက် လိုအပ်ချက်များကို အချိန်ယူပြင်ဆင်ပြီး နိုင်ငံတော်၏ စီးပွားရေး၊ ဘဏ္ဍာရေးအဆင်ပြေသောအချိန်တွင် နိုင်ငံရေးကင်းရှင်းသော၊ လွတ်လပ်သော အမျိုးသားတက္ကသိုလ် ဥပဒေပြဋ္ဌာန်းကာ တည်ထောင်ဖွင့်လှစ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်က အမျိုးသားတက္ကသိုလ်တည်ထောင်ရေးသည် ဆောင်ရွက်သင့်သည့်အလုပ်တစ်ခုဖြစ်သော်လည်း အချိန်ကာလအားဖြင့် ပညာရေးဝန်ကြီးဌာန၏ဘတ်ဂျက် အနေအထားပေါ်တွင် မူတည်ပါကြောင်း၊ အမျိုးသားစီမံကိန်းဥပဒေအရလည်း ပေါ်ပေါက်လာနိုင်သည်ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်က ယခုတင်ပြသောအဆိုသည် သင့်မြတ်ကောင်းမွန်သော်လည်း ဆန္ဒစောနေသည်ဟု ထင်မြင်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ဘတ်ဂျက်လိုငွေ (၂၅၀၀)ဘီလီယံခန့် ဖြစ်ပေါ်နေချိန်တွင် ဆောင်ရွက်မည်ဆိုပါက လိုအပ်သောပန်းတိုင်သို့ ရောက်ရှိစေနိုင်ရေးအတွက် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ ထို့ကြောင့်အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းပြီးမှသာလုပ်ဆောင်သင့်ပါကြောင်းနှင့်အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက နိုင်ငံတကာတွင် National University အဖြစ် သတ်မှတ်ထားသော တက္ကသိုလ်များကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့အဆင့်မီ အမျိုးသားတက္ကသိုလ်များ တည်ထောင်ရန် လိုအပ်သည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို Research University များအဖြစ်ထားရှိ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာရှိ Autonomous University များကဲ့သို့ လွတ်လပ်စွာစီမံအုပ်ချုပ်ခွင့်အာဏာ ပေးအပ်ထားပါကြောင်း၊ သို့ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို အရှိန်အဟုန်ဖြင့် တည်ထောင်ရာတွင် လိုအပ်သော Facility များပြည့်စုံ၍ နိုင်ငံရေးကင်းရှင်းသော၊ လွတ်လပ်သော National University များကို ဥပဒေပြဋ္ဌာန်းကာ တည်ထောင်ဖွင့်လှစ်မည်ဆိုပါလျှင် နိုင်ငံ၏စံပြတက္ကသိုလ်များ ဖြစ်လာမည့်အပြင် အဆင့်မြင့်ပညာကဏ္ဍကိုလည်း ပိုမိုမြင့်မားလာစေမည်ဖြစ်ပါကြောင်း။

သို့ပါ၍ အရှိန်ရပြီးဖြစ်သော ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်(၂)ခုအား ကနဦးအနေဖြင့် စံပြတက္ကသိုလ်ဖြစ်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်း၍ လွတ်လပ်စွာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ Autonomous University အဖြစ် ဥပဒေပြဋ္ဌာန်းပြီး တည်ထောင်ဖွင့်လှစ်လျှင် ပိုမိုသင့်လျော်ပြီး ကနဦးကုန်ကျစရိတ်လည်း မလိုအပ်ပါသောကြောင့် သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်နိုင်ရန်အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် သူရဦးအောင်ကိုက လွှတ်တော်၏ဆန္ဒရယူဆောင်ရွက်လိုကြောင်း တင်ပြရာ ကန့်ကွက်ဆန္ဒမဲများသည့်အတွက် အဆိုအတည်မဖြစ်ကြောင်းနှင့် လွှတ်တော်က အဆိုကိုမှတ်တမ်းတင်ထားရှိမည် ဖြစ်ကြောင်းဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက **ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဖြစ် ရောင်းချထုတ်လုပ်ခြင်းမပြုဘဲ (Value Added) တန်ဖိုးမြှင့် ကျောက်မျက်ရတနာဖြင့်သာ ထုတ်လုပ်ရောင်းချခွင့်ပြုရေး**အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က **မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ မည်သည့်နိုင်ငံတွင်မှမရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်များ၊ ပုလဲများ ဖြစ်ထွန်းလျက်ရှိသော်လည်း ထုတ်လုပ်မှုတွင် ခေတ်မီနည်းစနစ်များအသုံးမပြုနိုင်မှု၊ ခေတ်မီဒီဇိုင်းဖြင့် လက်ဝတ်ရတနာထုတ်လုပ်နိုင်မှု၊ တစ်နည်းအားဖြင့် တန်ဖိုးမြှင့်ကျောက်မျက်ရတနာထုတ်လုပ်နိုင်မှုတွင် အားနည်းနေသေးပြီး ကျွမ်းကျင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းပါ လိုအပ်နေပါကြောင်း၊ နိုင်ငံတကာကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုမှာလည်း အိမ်နီးချင်းနိုင်ငံများ၊ ASEAN နိုင်ငံများအဆင့်ကို မမီနိုင်သေးဘဲ အရှိန်ယူဖွံ့ဖြိုးလာနေသည့်အချိန်ကာလပင် ဖြစ်ပါကြောင်း၊ ကာလအတိုင်းအတာတစ်ခုအထိ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများကိုထုတ်လုပ်ပြီး အရိုင်းအတိုင်း နိုင်ငံတကာသို့ရောင်းချခြင်းနှင့် အတူ တန်ဖိုးမြှင့်ရတနာများ၊ အချောထည်များ ထုတ်လုပ်ရောင်းချခြင်းတို့ကို ဟန်ချက်ညီညီဆောင်ရွက်၍ တန်ဖိုးမြှင့်ရတနာများ၊ အချောထည်များထုတ်လုပ်မှုကို တစ်စထက်တစ်စ တိုးမြှင့်ထုတ်လုပ်ပြီး နိုင်ငံတကာသို့ တိုးမြှင့်ရောင်းချခြင်းကို ဆောင်ရွက်မှသာလျှင် လက်ရှိပကတိအခြေအနေနှင့် ဆီလျော်မှုရှိမည်ဖြစ်ပါကြောင်း၊ ပြည်သူ သိန်းပေါင်းများစွာအတွက် အလုပ်အကိုင်များ ဆက်လက်လုပ်ဆောင်နိုင်ပြီး လူမှုစီးပွားရေးများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်တွင်လည်း ကျောက်မျက်ရတနာ ဈေးကွက်ကြီး ခိုင်မာစွာဆက်လက်ဖြစ်ထွန်းတည်ရှိနေမည် ဖြစ်ပါကြောင်း။**

သို့ဖြစ်၍ ဦးစိုးဝင်း၏အဆိုမှာ ကောင်းမွန်သောရည်ရွယ်ချက်နှင့် စေတနာများပါရှိသည်ဟု ယူဆနိုင်သော်လည်း လက်တွေ့ပကတိအခြေအနေများနှင့်ကိုက်ညီမှုမရှိဘဲ ခိုင်မာစွာဖြစ်ထွန်းနေသည့် ကျောက်မျက်ရတနာဈေးကွက်ကို ယုတ်လျော့အားနည်းသွားစေနိုင်သော အဆိုသာဖြစ်သည်ကို လေ့လာစိစစ်တွေ့ရှိရပါသဖြင့် အဆိုကို ပြန်လည်ရုပ်သိမ်းရန်သာဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးစိုးဝင်းက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဖြေကြားပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် သင့်တော်သည့်အချိန်တွင် အကောင်အထည်ဖော်ပေးနိုင်ရန် လွှတ်တော်က မှတ်တမ်းတင်ပေးစေလိုကြောင်းဖြင့်တင်ပြရာ လွှတ်တော်က သင့်တော်သည့်အချိန်တွင် ဆောင်ရွက်ရန် မှတ်တမ်းအဖြစ်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၂၀ တွင်ရပ်နားပြီး အစည်းအဝေးဆဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ ကျောဖုံးမှ

နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ မိမိကိုယ်တိုင်ရသည့်အချိန်၊ ရသည့်နေရာ၊ ရှိသည့်အင်အား၊ ရှိသည့်အခွင့်အရေးကို အသုံးချပြီး မိသားစု၏ ထွက်ငွေလျှော့ချရေးမှသည် ပြည်တွင်းသွင်းကုန်လျှော့ချရေး၊ မိသားစုအပိုဝင်ငွေရရှိရေးမှသည် နိုင်ငံအတွက် ကုန်ကြမ်းထုတ်လုပ်ရေး၊ ကုန်ကြမ်းမှသည် ကုန်ချောထုတ်လုပ်ရေး၊ ကုန်ချောထုတ်လုပ်ရေးမှ ပြည်ပပို့ကုန် တိုးတက်ရေးတို့ကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးခြင်းမျိုးကို ကိုယ်စီကိုယ်င လုပ်ကြရန်လိုပါကြောင်း။

ကုန်ဈေးနှုန်းမြင့်မားမှုတွင် အရေးပါသည့် လေလံနှင့်တင်ဒါကိစ္စများကိုလည်း သင့်တင့်သည့် လေလံ/တင်ဒါဈေးနှုန်းအတွင်းသာ ဆောင်ရွက်ရေးအတွက် ပွင့်လင်းမြင်သာရှိအောင် ချိပ်ပိတ်လေလံ၊ ချိပ်ပိတ်တင်ဒါ(အစား) အိတ်ဖွင့်လေလံနှင့် အိတ်ဖွင့်တင်ဒါစနစ် ကျင့်သုံးရေးအတွက် ညွှန်ကြားချက်ထုတ်ပြန်ပြီး ကြပ်မတ်ဆောင်ရွက်နေပါကြောင်း၊ B.O.T စနစ်များကိုလည်း သတ်မှတ်ဈေးနှုန်းထက် ပိုမိုပြီးငွေကောက်ခံမှု မပြုရန် ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်း၊ ပွင့်လင်းမြင်သာရှိအောင် Toll ဂိတ်များ၊ လမ်း၊ တံတားမြို့ဝင်ကြေးကောက်ခံမှုများ၊ လေယာဉ်လက်မှတ်၊ မီးရထားလက်မှတ်၊ ကားလက်မှတ်ဈေးနှုန်းများကို ပွင့်လင်းမြင်သာအောင် သက်ဆိုင်ရာနေရာအလိုက် ရေးသားချိတ်ဆွဲရန် ထုတ်ပြန်ညွှန်ကြားကြပ်မတ်နေပါကြောင်း။

နိုင်ငံ့တာဝန်၊ ဌာနဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် ဝန်ထမ်းများ၏ ရပိုင်ခွင့် ရနိုင်ခွင့် ခံစားခွင့် အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိစေရန်၊ ဝန်ထမ်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးခံစားခွင့်ပြုခြင်း၊ ကြိုတင်နှစ်တိုးခွင့်ပြုခြင်း၊ ခွင့်ခံစားခြင်း၊ ညာဏ်ပူဇော်ခ၊ အခကြေးငွေချီးမြှင့်ခြင်း၊ ကူးပြောင်းချိန် ခံစားခွင့်ပေးခြင်း၊ ပင်စင်ခံစားခွင့်များအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားစေခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ကြီးအား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက် နိုင်ငံ့ဝန်ထမ်းများဖြင့် စနစ်တကျမောင်းနှင်လည်ပတ်ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏လိုအပ်ချက်အရ ဌာနဆိုင်ရာများ၏ လုပ်ငန်းလျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု ဝန်ထမ်းများကို တာဝန်လွှဲပြောင်းပေးရသည့်အခါများလည်း ရှိမည်ဖြစ်ပါကြောင်း၊ မည်သည့်ဌာနကဝန်ထမ်းကို မည်သည့်ဌာနကို ပြောင်းလို့ဆိုသည်ထက် အလုပ်ဖြစ်ဖို့၊ ရုံးလုပ်ငန်းများသွက်လက်ဖို့က အဓိကကျပါကြောင်း။

အရည်အချင်း၊ အရည်အသွေး၊ ခံယူချက်၊ ယုံကြည်ချက်၊ အဆင့်အတန်းတူသူများသည် သူ့နေရာနှင့် သူ့အဆင့်အတန်းကို ရရှိခံစားနေရပြီဖြစ်ကြောင်းကို သက်သေသာဓကများရှိပြီးဖြစ်ပါကြောင်း၊ တန်းတူအခွင့်အရေးပေးထားပြီးဖြစ်ပါကြောင်း၊ အခွင့်အရေးတူရမည်ဆိုသည့်သဘောအဓိပ္ပာယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကြိုးစားမှု၊ သစ္စာရှိမှု၊ ဖွဲလုံ့လ ဝီရိယရှိမှု၊ စွန့်စားမှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှုအပေါ် မှာ ဝန်ထမ်းများ၏ အရည်အသွေးသည် ကွဲပြားမှုရှိနေမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီသက်တမ်းရင့်ကျက်လာသည်နှင့်အမျှ ယှဉ်ပြိုင်နိုင်မှုအခွင့်အရေးကို ယှဉ်ပြိုင်နိုင်သလောက် ခံစားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်ချက်အပေါ် မူတည်ပြီး နေရာဌာနအလိုက် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ အမှန်တကယ်အရည်အသွေးပြည့်မီသည့် ဝန်ထမ်းများကို နေရာချထား တာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်က **"တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးနှင့် သိန်းဒေါကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူးတစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ တနင်္သာရီ ပြည်သူ့ဆေးရုံတွင်လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးအား အရာထမ်းလောင်း အခြေခံသင်တန်းသို့ တက်ရောက်နေသော သစ်လွင်သွားဘက်ဆိုင်ရာဆရာဝန်များ သင်တန်းအောင်မြင်ပြီးဆုံး၍ သတင်းပို့လာပါက ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်း။

တနင်္သာရီမြို့နယ် သိန်းဒေါကျေးလက်ကျန်းမာရေးဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကျန်းမာရေးမှူးနေရာကို ဖြည့်စွက်ခန့်ထားပေးရန်ကိစ္စနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးတွင် လက်ထောက်ကျန်းမာရေးမှူးရာထူးခွင့်ပြုအင်အားမှာ (၄၁)နေရာရှိပြီး (၃၈) နေရာ ခန့်ထားပြီးဖြစ်ပါကြောင်းနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ အခြေခံကျန်းမာရေးသိပ္ပံသင်တန်းဆင်းများအား လက်ထောက်ကျန်းမာရေးမှူးများအဖြစ်ခန့်ထားရန် ခွင့်ပြုချက်ရရှိသည့်အခါ လစ်လပ်နေရာများတွင် ဖြည့်စွက်ခန့်ထားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း မေးမြန်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေးက **"တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံများ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် အထိ အမျိုးသားစီမံကိန်းရည်မှန်းချက်အရ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ(၂)ရုံကို ခုတင်(၁၀၀)ဆံ့သို့ လည်းကောင်း၊ မုံရွာမြို့ရှိ (၁၆)ခုတင်ဆံ့ဆေးရုံကို ခုတင်(၅၀)ဆံ့ ဆေးရုံသို့ လည်းကောင်း ဖွဲ့စည်းပုံတိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ရေးဆွဲထားသည့်အတိုင်း တိုင်းရင်းဆေးရုံများအဆင့်မြှင့်တင် တိုးချဲ့ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က "ပြည်တွင်းဖြစ် ယမကာ/ အရက်များ၏ ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းအား အခါအားလျော်စွာ ဈေးကွက်တွင် ကောက်ယူစစ်ဆေးခြင်းများ ပြု/မပြု" နှင့်စပ်လျဉ်း၍ ယမကာ/အရက်များအား အလွန်အကျွံသုံးစွဲပါက ကျန်းမာရေးထိခိုက်စေနိုင်သည်ကို အများပြည်သူသိရှိပြီးဖြစ်သည့်အပြင် မိမိဝန်ကြီးဌာနကလည်း အရက်၏ဘေးထွက်ဆိုးကျိုးများကို အများပြည်သူသိရှိလိုက်နာနိုင်ရန် ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်သောယမကာ/အရက်များအား သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ၊ မရှိကို ဈေးကွက်နမူနာကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ခုတင်(၅၀)ဆံ့ ဆေးရုံ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံ(၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၆)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၆)ခု ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း။

ယင်းမြို့နယ်ရှိ ခပေါင်းကုန်းကျေးရွာသည် လက်ပံပြားတိုက်နယ် ကျန်းမာရေးဌာနအောက်ရှိ တံခွန်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲက လက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ကျေးရွာဖြစ်ပြီး အဆိုပါကျန်းမာရေးဌာနခွဲနှင့် (၁)မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲအသစ်ဖွင့်လှစ်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က အားကစား၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက **"ရေနံချောင်းမြို့နယ် ဘောလုံးအားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် ရေကူးကန်၊ တင်းနစ်ကွင်းများ ပြန်လည်အဆင့်မြှင့်တင်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်က **"မူဆယ်မြို့နယ်တွင် အများပြည်သူဝင်ရောက်ကစားနိုင်သော အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** တို့နှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သည့်အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရသကဲ့သို့ အားကစားအောင်နိုင်ရေးနှင့် ဖွင့်ပွဲကို နိုင်ငံတကာအဆင့်အတန်းမီ ကျင်းပနိုင်ရေးတို့ကို ဆောင်ရွက်နေရပါကြောင်း။

မူဆယ်မြို့တွင် အများပြည်သူအသုံးပြုနိုင်သည့် မီတာ(၄၀၀)ပြေးလမ်းနှင့် ပရိသတ်(၃၀၀၀)ဆံ့ RC နှစ်ထပ်ပွဲကြည့်စင်ပါ ပြည်ထောင်စုအားကစားကွင်း (၁)ကွင်းနှင့် မြို့နယ်အဆင့် လေ့ကျင့်ရေးအားကစားကွင်း (၁)ကွင်း တည်ဆောက်ထားရှိပြီး အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ရေနံချောင်းမြို့နယ်တွင် အားကစားကွင်း၊ အားကစားရုံနှင့် ရေကူးကန်တို့ကို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်ရေးနှင့်ပတ်သက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးစီးသည့်အချိန်မှသာ ဦးစားပေးအဆင့်အလိုက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မူဆယ်မြို့တွင် အားကစားကွင်း(၁)ကွင်း ထပ်မံတည်ဆောက်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က **"နိုင်ငံခြားသားများ နယ်မြေသွားလာခွင့်အား ကန့်သတ်ထားခြင်းကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ကမ္ဘာလှည့်ခရီးသည်ဗီဇာဖြင့် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအား နိုင်ငံအတွင်း ခွင့်ပြုချက်ရယူရန်လိုအပ်သော ခရီးစဉ်များအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် အထက်ဌာနသို့ တင်ပြခွင့်ပြုချက်ရယူရပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားဧည့်သည်များခရီးသွားလာခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက စီးပွားရေးလုပ်ကိုင်မည့် နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့်အကြောင်းအမျိုးမျိုးဖြင့် ဝင်ထွက်သွားလာနေကြသည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် အလောင်းတော်ကဿပ၊ ဖိုဝင်တောင်၊ မုံရွာ၊ တွင်းတောင်၊ ဘုတလင်၊ ကျောက်ကာ၊ ယင်းမာပင်နှင့် ရေလျှံတွင်းဒေသများ၊ ခန္တီး၊ ဟုမ္မလင်းနှင့် ကလေးမြို့များသို့ အကန့်အသတ်ဖြင့် သွားလာခွင့်ပြုထားပြီး ချင်းပြည်နယ်သို့ သွားလာခွင့်မပြုခဲ့ပါကြောင်း။

ထိုသို့ ကန့်သတ်နယ်မြေများသတ်မှတ်ထားသော်လည်း ထိုဒေသများထက်ကျော်လွန်သွားရောက်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တာဝန်ခံချက်ဖြင့် အထက်ဌာနသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက သွားရောက်ခွင့်ပြုလျက်ရှိပါကြောင်း၊ ကလေးဒေသ၊ ချင်းတောင်ဒေသနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ဒေသများသည် တောင်ပေါ်ဒေသများဖြစ်၍ လမ်းခရီးကြမ်းတမ်းခြင်း၊ ယာဉ်အခက်အခဲရှိခြင်း၊ ခရီးသွားလာရာတွင် အချိန်ကြာမြင့်ခြင်း၊ လမ်းခရီးတစ်လျှောက်တည်းခိုနေထိုင်ရန် အဆောက်အအုံကန့်သတ်ချက်ရှိခြင်းတို့ကြောင့် နယ်မြေကန့်သတ်၍ သွားလာခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ အခြေခံအဆောက်အအုံများလည်း သင့်တင့်လျောက်ပတ်စွာ တည်ရှိရန်လိုအပ်လာပြီး အခြေခံအဆောက်အအုံများတိုးတက်လာသည်နှင့်အမျှ ခရီးသည်များ ကျေနပ်နှစ်သိမ့်မှုရရှိ၍ ထပ်မံပိုမိုလာရောက်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ လမ်းပန်းဆက်သွယ်ရေးကအစ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုအစိုးရသစ်၏ ပြောင်းလဲတိုးတက်လာသော မူဝါဒများနှင့်အညီ နိုင်ငံခြားသားခရီးသွားများအတွက် နယ်မြေကန့်သတ်မှုကိုလည်း ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က ရထားပို့ဆောင်ရေးကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က **"ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ရုံးစိုက်ရာ မိုးညှင်းဘူတာအတွက် ရိုးရိုးတန်း၊ အထက်တန်းနှင့်အိပ်စင်ရထားလက်မှတ်စောင်ရေ တိုးမြှင့်ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ မိုးညှင်းဘူတာတွင် မြစ်ကြီးနား-မန္တလေးခရီးစဉ်၌ အစုန်လူစီးရထား (၅)စင်း ရပ်တန့်ပေးလျက်ရှိပြီး ထိုင်ခုံခွဲတမ်းအနေဖြင့် အဆိုပါရထား (၅)စီးလုံးအတွက် နေ့စဉ်အိပ်စင် (၁၂)နေရာ၊ အထက်တန်းထိုင်ခုံ (၁၁)နေရာ၊ ပထမတန်း (၂၄)နေရာ၊ ရိုးရိုးတန်း (၁၃၁)နေရာ၊ စုစုပေါင်း (၁၇၈)နေရာ စီစဉ်ပေးလျက်ရှိပါကြောင်း။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလတစ်လလုံးတွင် မိုးညှင်းဘူတာ၏ ခရီးသည်စီးနင်းမှုကို စိစစ်ရာ (၉၅၅၅)ဦးဖြစ်၍ တစ်ရက်ပျမ်းမျှ (၃၁၆)ဦး စီးနင်းလျက်ရှိပါကြောင်း၊ ခရီးသည်စီးနင်းမှုများပြားသော မိုးညှင်းဘူတာအတွက် ရထား(၄)စီးတွင် အထက်တန်း၊ ရိုးရိုးတန်းနှင့် အိပ်စင်စုစုပေါင်း (၂၂)နေရာ ထပ်မံတိုးမြှင့်စီစဉ်ပေးမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က **"မန္တလေး-မြစ်ကြီးနား မီးရထားစင်းရေ တိုးမြှင့်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့် "မီးရထားအများဆုံးရပ်တန့်မှုဖြစ်သည့် နမ့်ခမ်းနှင့်မိုးညှင်းဘူတာအကြား (၇၄)မိုင်အား (၂)လမ်းသွား (ဒွေးလမ်း)ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ"** တို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ကချင်ပြည်နယ်သို့ရထားဖြင့်ဆက်သွယ် သွားလာနိုင်ရန်အတွက် မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် လူစီးရထား (၁၀)စင်း နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း။

ရထားထိုင်ခုံနေရာခွဲတမ်းများကို ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်၊ ကျေးရွာအဆင့်အလိုက်နှင့် ခရီးသည်စီးနင်းမှုအခြေအနေပေါ် မူတည်၍ ခွဲဝေမျှတ သတ်မှတ်ပေးထားပါကြောင်း၊ ထိုင်ခုံခွဲတမ်းထက် ကျော်လွန်သည့် ဘူတာများတွင် ရိုးရိုးတန်းတွဲများ၌ ထိုင်ခုံမဲ့လက်မှတ်များကို ကန့်သတ်ရောင်းချပေးလျက်ရှိပါကြောင်း။

လမ်းပိုင်းရှိ အချို့ဘူတာများတွင် ခရီးသည်စီးနင်းမှုများပြားသဖြင့် ထိုင်ခုံနေရာတိုးမြှင့်ပေးရန် တောင်းဆိုမှုများအရ မိုးကောင်းတွင် (၂၃)နေရာ၊ မိုးညှင်းတွင် (၂၂)နေရာ၊ ကသာတွင် (၁၉)နေရာ၊ နဘားတွင် (၁၂)နေရာ၊ မော်လူးတွင် (၆)နေရာ၊ နန့်စီးအောင်တွင် (၄)နေရာနှင့် ဝန်းသိုတွင် (၈)နေရာတို့ကို တိုးမြှင့်သတ်မှတ်ပေးရန် စီစဉ်ပေးထားပြီးဖြစ်ပါကြောင်း။

ထို့အပြင် မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၃)အဆန်၊ (၃၄)အစုန် အထူးအမြန်ရထားကို တွဲဆိုင်းတစ်ဆိုင်းတည်းဖြင့် ရက်ခြားပြေးဆွဲလျက်ရှိရာမှ ၉-၁-၂၀၁၂ ရက်မှစ၍ တွဲဆိုင်းတစ်ဆိုင်း ထပ်မံဖြည့်တင်းပြီး နေ့စဉ်အစုန်ရထားတစ်စင်း၊ အဆန်ရထားတစ်စင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လူစီးတွဲသစ် (၃၀)ကို မြစ်ငယ်၌ တည်ဆောက်ရန်နှင့် ပြည်ပနိုင်ငံများမှ လူစီးတွဲများကို ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ရောက်ရှိပါက လူစီးရထားတစ်ဆိုင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးမည် ဖြစ်ပါကြောင်း။

နမ့်ခမ်း-မိုးညှင်းအကြား (၇၄)မိုင်တွင် ဆင်ခြေလျှောကန့်သတ်ချက်အရ လမ်းကြောင်းကျပ်တည်းမှုရှိသောနေရာ (၂)နေရာမှာ နမ့်ခမ်း-ဘုံချောင်းလမ်းပိုင်း (၇)မိုင်နှင့် မော်ဟန်-ကာဒူ (၁၀)မိုင်တို့ ဖြစ်ပါကြောင်း၊ လက်ရှိရထားပြေးဆွဲမှုသည် ၎င်း(၂)နေရာ၏ရထားပြေးဆွဲနိုင်မှု အရေအတွက်(Line Capacity)ထက် အနည်းငယ်ကျော်လွန်နေသဖြင့် လမ်းကြောင်းကျပ်တည်းမှုရှိနေခြင်း ဖြစ်ပါကြောင်း။

လမ်းကြောင်းကျပ်တည်းမှုရှိနေသော နေရာ(၂)နေရာကို အကြီးစားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ဆဲဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်(၁၁၂)သန်း၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း(၂၀၀)ခန့်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိပြေးဆွဲနေသော ရထားစင်းရေ အရေအတွက်သည် အကြီးစားပြင်ဆင်မှုလုပ်ငန်းပြီးစီးမှုအပေါ် မူတည်၍ နှောင့်နှေးမှုများ လျော့ကျသွားမည်ဖြစ်ပါသဖြင့် ဒွေးလမ်းဖောက်လုပ်ရန် ယခုလောလောဆယ် လိုအပ်မှုမရှိသေးပါကြောင်း၊ လိုအပ်လာပါက နိုင်ငံတော်သို့တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမှတ်ကြီးက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဖူလုံရေးဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာမြဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်တို့က ဥပဒေကြမ်းသည် ခေတ်နှင့်အညီ ရေးဆွဲထားသည့်အတွက် ကြိုဆိုထောက်ခံပါကြောင်း၊ လူမှုဖူလုံရေးစနစ်တွင် လူတိုင်းပါဝင်သင့်ပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

✻ စာမျက်နှာ ၆ မှ

ဥပဒေရေးထုံးများနှင့် ညီညွတ်စေရန် စကားလုံးကျစ်လျစ်ရန်လိုအပ်ပါကြောင်း၊ လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောစီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ခေတ်နှင့်လျော်ညီပြီး နိုင်ငံတကာကကျင့်သုံးနေသော လူမှုဖူလုံရေးဥပဒေများနှင့်လည်း ကိုက်ညီပါကြောင်း၊ ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်အောင် ထည့်သွင်းရေးဆွဲထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် **“အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ**(Intellectual Property Rights) **ဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ရန်”** နှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်၏ အစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်က တီထွင်ဖန်တီးမှုမူပိုင်ခွင့်ပေးသည့် နိုင်ငံများတွင် တီထွင်ဆန်းသစ်မှုများပိုမိုပြုလုပ်နိုင်သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုဥပဒေများဖြစ်သည့် တီထွင်မှုပိုင်ဆိုင်ခွင့်ပေးခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်ဥပဒေ၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်စသည့် အနုပညာလက်ရာမူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်းနှင့် အစီရင်ခံစာကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

“၁၉၅၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နိုင်ငံခြားခုံသမာဓိဆုံးဖြတ်ချက်အားအသိအမှတ်ပြုရေးနှင့် ဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးကွန်ဗင်းရှင်းကို နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် လက်ခံရေးကိစ္စနှင့် အဆိုပါကွန်ဗင်းရှင်းကို လက်ခံပြီးနောက် နိုင်ငံခြားခုံသမာဓိဆုံးဖြတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်ရေးဥပဒေကိုပြဋ္ဌာန်းရေး” နှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်၏ အစီအရင်ခံစာကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်က အဆိုပါကိစ္စရပ်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် စီးဝင်လာရေးအတွက် အရေးကြီးပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများသည် အတွေ့အကြုံများပြားသူများဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစီးဝင်မှုများသည့်နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးချို့တဲ့မှုပြဿနာကို ကုစားနိုင်မည့် ဆေးဝါးကြီးအဖြစ် ခံယူကြပါကြောင်း၊ ထို့ကြောင့် အဖွဲ့ဝင်အဖြစ် မဝင်ရောက်နိုင်သေးလျှင် ရင်းနှီးမြှုပ်နှံမှု များများစားစားဝင်ရောက်နိုင်မည် မဟုတ်ပါကြောင်း၊ အစီရင်ခံစာကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး တင်သွင်းထားသည့် **“နိုင်ငံအတွင်းရှိ မြို့ပြများနှင့် နီးပြီး ငြိမ်းချမ်းမှုမရှိသောဒေသများနှင့် ဆက်စပ်လျက်ရှိသောကျေးရွာများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များနှင့်ကြုံတွေ့ခံစားနေရသော အခက်အခဲများအား စစ်ကြောင်းကြီးများနှင့် သွားရောက်၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေတို့က **ယခုအခါ တိုင်းရင်းသားများအနေဖြင့် အသိဉာဏ်ပွင့်လင်းလာပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် အပြိုင်အဆိုင်ကြိုးစားလာကြပါကြောင်း၊ ဌာနပေါင်းစုံက စစ်ကြောင်းကြီးသဖွယ် ဆောင်ရွက်ပေးပါကပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခုချင်း ဖွံ့ဖြိုးမှုမှသည် နိုင်ငံတစ်ခုလုံးဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးရရှိရန်အတွက် ရောင်ခြည်များလည်း သမ်းလာပြီဖြစ်ပါကြောင်း၊ လက်ရှိငြိမ်းချမ်းရေးတည်ဆောက်နေသည့်အချိန်ကာလနှင့်တိုက်ဆိုင်နေသည့်အတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပထမဆုံးအနေဖြင့် ယင်းဒေသများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းကို ဆောင်ရွက်သင့်ပါကြောင်း၊ ထို့နောက် မှတ်ပုံတင်ပြုလုပ်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေးမြှင့်တင်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဒေသခံများ ရေရှည်ရပ်တည် နေထိုင်နိုင်ရေးအတွက် အကူအညီပေးရေးလုပ်ငန်းစသည်တို့ကို ဆောင်ရွက်ပေးသင့်ပါကြောင်း၊** အဆိုကို ထောက်ခံပါကြောင်း စသည်ဖြင့်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယခင်အစိုးရလက်ထက်တွင် ဥပဒေတွင်း၊ ဥပဒေပြင်ပမှလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရေရှည်တည်တံ့သည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် စေ့စပ်ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ အစိုးရသစ် စတင်တာဝန်ယူချိန်မှစပြီး တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ငြိမ်းချမ်းရေး မရယူနိုင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၁)ဖွဲ့လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့(၆)ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျန်အဖွဲ့(၅)ဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ ထို့အပြင် တစ်ဖက်က ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးနေသကဲ့သို့ တစ်ဖက်ကလည်း စစ်မက်ဖြစ်ပွားရာနေရာများမှ ရှောင်တိမ်းခဲ့ကြသူ ဒေသခံပြည်သူများအတွက်လည်း ရိက္ခာ၊ ဆေးဝါး၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများကို နိုင်ငံတော်အစိုးရ၏အစီအမံဖြင့် ပြည်တွင်း NGO အဖွဲ့အစည်းများ၊ နိုင်ငံတကာ INGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ထောက်ပံ့ပို့ဆောင်ပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ လက်တလောလိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းပေးသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် ဒေသများအတွင်းမှာလည်း နိုင်ငံတော်အစိုးရ၏ အစီအမံနှင့်အတူ ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲဆောင်ရွက်စေပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာများပါဝင်သည့် စစ်ကြောင်းကြီး (၅)ကြောင်းအသွင် အဖွဲ့များဖွဲ့၍ နယ်စပ်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်စေလျက် ရှိပါကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများသည် ယခင်အခြေအနေများကထက် ပိုမိုကောင်းမွန်လာခဲ့ပြီဖြစ်၍ စစ်ကြောင်းကြီး(၅)ကြောင်းသာမက တိုင်းရင်းသား ပြည်သူများနေထိုင်ရာ ကျေးလက်ဒေသများအထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံချက်များကို လုပ်ငန်းကဏ္ဍ (၈)ရပ်ချမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ NGO၊ INGO အဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများပူးပေါင်း ပါဝင်ကာကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် တင်သွင်းထားသည့် **“နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ်လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလ တစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်တို့က ယာဉ်စည်းကမ်းဖောက်ဖျက်ခြင်း၊ မူးယစ်မောင်းနှင်ခြင်း၊ ယာဉ်ချို့ယွင်းခြင်းနှင့် မဆင်မခြင် မောင်းနှင်ခြင်းစသည်တို့ကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားနေရပါကြောင်း၊ ယာဉ်တိုက်မှုသည် ရာဇဝတ်မှုထက် လူ့အဖွဲ့အစည်းကို ပိုမိုခြိမ်းခြောက်နေပါကြောင်း၊ ထိထိရောက်ရောက်တားဆီးကာကွယ်ကြရမည်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းသူများ စည်းကမ်းမဲ့မှုအပြင် ရာသီဥတုနှင့် လမ်းအခြေအနေများကြောင့်လည်း ဖြစ်ပေါ်နေရပါကြောင်း၊ ရန်ကုန်မှာသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် နေ့စဉ်နှင့်အမျှကြုံတွေ့နေရပါကြောင်း၊ သက်ဆိုင်ရာ ဌာနများနှင့်တာဝန်ရှိသူများက ယာဉ်တိုက်မှုလျော့နည်းကျဆင်းအောင် ပိုမိုထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်း၊ ယာဉ်မောင်းလိုင်စင်ပေးခြင်းကို ပိုမိုကြပ်မတ်ဆောင်ရွက်ခြင်း၊ ယာဉ်မောင်းလက်စွဲစာအုပ်များ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်း၊ ပညာပေးဟောပြောပွဲနှင့်ပြပွဲများပိုမိုပြုလုပ်ပေးခြင်း၊ ထိရောက်သော ပြစ်ဒဏ်ချမှတ်ခြင်းနှင့် မီးပွိုင့်များစနစ်တကျတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ် (၅)မျိုးဖြစ်သည့် “5” Es System ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် (၅)မျိုးအနက် (၃)မျိုးဖြစ်သည့် ပညာပေးခြင်းစနစ် (Education System)၊ စစ်ဆေးအရေးယူခြင်းနည်းစနစ် (Enforcement System) နှင့် အင်ဂျင်နီယာနည်းစနစ် (Engineering System)ကို အများဆုံး အသုံးပြုလျက်ရှိပါကြောင်း၊ ကျန်နည်းစနစ် (၂)မျိုးမှာ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ ထိန်းသိမ်းခြင်းနည်းစနစ် (Environment System)နှင့် အရေးပေါ်ဆေးအကူအညီပေးခြင်းနည်းစနစ် (Emergency Medical Service System)တို့ဖြစ်ပြီး ၎င်းနည်းစနစ်(၂)မျိုးကို အသုံးပြုနိုင်ရန် လေ့လာဆန်းစစ်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဒေါက်တာ ဖေ သက် ခင် မေး မြန်း ချက် များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တစ်ဝန်း ယာဉ်မတော်တဆမှုများကြောင့် လူသားအရင်းအမြစ်များမဆုံးရှုံးရေးနှင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှုများ အမှန်တကယ်လျော့နည်းကျဆင်းသွားစေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ယာဉ်စည်းကမ်းကြီးကြပ်မှု ကော်မတီများကိုဖွဲ့စည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ထိ ကော်မတီများဖွဲ့စည်း ကြပ်မတ်လျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အာဆီယံ၏ရည်မှန်းချက် (Goal of ASEAN) ဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်တစ်ဝန်း ယာဉ်မတော်တဆမှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရသေဆုံးမှုများကို လျှော့ချနိုင်တော့မည်ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများတွင် ယာဉ်တိုက်မှုအန္တရာယ်နှင့် ယာဉ်တိုက်မှုကျဆင်းရေး Action Plan များ ရေးဆွဲဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း Action Plan ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၁)နှစ်တာကာလသတ်မှတ်ထားသည့် လက်ရှိဆောင်ရွက်ရမည့်လုပ်ငန်းများ၊ (၂)နှစ် သို့မဟုတ် (၃)နှစ်ကာလသတ်မှတ်ထားသည့် ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် (၅)နှစ်ကာလသတ်မှတ်ထားသည့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဟူသည့် လုပ်ငန်းတာဝန်များကို (၃)ပိုင်းခွဲခြားပြီး ရှေ့လုပ်ငန်းစဉ်များအနေနှင့် ဆောင်ရွက်မှုများကိုလည်း လေ့လာဆန်းစစ်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုနှင့် ရန်ကုန်မြို့တွင် Action Plan ၏ ရှေ့ပြေးအနေဖြင့် ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်ကစပြီး ဒီဇင်ဘာ ၃၁ ရက်အထိ ခြေကျင်သွားလာသူ (လမ်းအသုံးပြုသူများ) အနေဖြင့် လူသွားစင်္ကြံ၊ လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားများက သွားလာဖြတ်ကူးကြရန် အသိပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာပေးကာလ ကျော်လွန်သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး လိုက်နာခြင်းမရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို လူစည်ကားရာ မြို့နယ်များရှိ မီးပွိုင့်များတွင် သတိပေးနှိုးဆော်ခဲ့သကဲ့သို့ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား စသည့်မီဒီယာများမှတစ်ဆင့် ပြည်သူများကို သတိပေး နှိုးဆော်ခဲ့ပါကြောင်း၊ ထို့အပြင် ပြင်ဆင်မှုအပိုင်းတွင်လည်း ရန်ကုန်မြို့ပေါ်တွင်ရှိနေသည့် လူကူးမျဉ်းကျား (၂၁၀)ကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီးဖြစ်ပါကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး အောင် မင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ (၃)နှစ်တာကာလအတွင်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းအရင်းများနှင့် ဖြစ်ပွားမှုများကို ဆန်းစစ်ကြည့်ရာတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင်မောင်းနှင်မှုကြောင့် အများဆုံးဖြစ်သည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် ယာဉ်တိုက်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးအတားအဆီးဖြစ်သည်ဟုသုံးသပ်ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သကဲ့သို့ ထိရောက်ဟန့်တားနိုင်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ညနေ ၄ နာရီခွဲတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးတွင် အလှူငွေလှူဒါန်းခြင်းကို မှတ်တမ်းတင်ခြင်း၊ မေးခွန်း(၁၀)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်း၊ အဆို (၄)ခု ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့် စတုတ္ထအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော စတုတ္ထအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပခဲ့သည့် ဖွင့်ပွဲအခမ်းအနား၌ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က မိန့်ခွန်းပြောကြားရာ၌ ဒေသတွင်းငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့ မိတ်ဖက်ပူးပေါင်းမှုနှင့် ချစ်ကြည်ရေးတိုးမြှင့်ရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် ဒေသဆိုင်ရာ နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ တက်ကြွစွာ ပါဝင်သွားမည့် အခြေအနေများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်မည့်အခြေအနေများကို ပြောကြားခဲ့သည်။

အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့ ဆွေးနွေးဖက်အဖြစ် ဆက်ဆံရေးနှစ်(၂၀) ပြည့်မြောက်သည့် အထိမ်းအမှတ်နှင့် (၁၀)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပရေးအတွက် အဆိုပြုချက်ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ အစိုးရပိုင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ Native Power Technology Co., Ltd. နှင့် LPG Service Provider (Top Gas Co., Ltd.)တို့မှ ပူးပေါင်း၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စွမ်းအင်းကဏ္ဍနှင့်ပတ်သက်၍ ဟောပြောရှင်းလင်းမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၅၆၀၉၈၆၊ ၅၆၆၁၈၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဗဟန်းမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အဋ္ဌမတန်းမှ သုံးဘာသာဂုဏ်ထူး ရရှိသော မခင်စုဝေအား ဆရာမ ဒေါ်စိန်ဝိုင်း ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Umaru Azores Sulaiman သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ်မီဘဏ်လုပ်ငန်းများကို မျက်ခြည်မပြတ်လေ့လာဆည်းပူး မြန်မာ့ဘဏ်လုပ်ငန်း နိုင်ငံတကာအဆင့်မီလာစေရေး ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၁၂)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများ၊ သင်တန်းပို့ချပေးသည့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအနေဖြင့် တိုးတက်နေသည့် ခေတ်မီဘဏ်လုပ်ငန်းများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးဆောင်ရွက်သွားကြရန်၊ သင်တန်းမှ ပို့ချပေးလိုက်သည့် ပညာရပ်များ၊ ဘဏ်လုပ်ငန်းလုပ်ထုံးလုပ်နည်းများကို လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများ၊ ITပညာရပ်များနှင့် ပေါင်းစပ်ပြီး မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတိုးတက်ဖွံ့ဖြိုးလာ၍ နိုင်ငံတကာအဆင့် မီလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများသည် မိမိတို့တတ်မြောက်ထားသည့် ဘဏ်လုပ်ငန်းပညာရပ်ဖြင့် ကျရာကဏ္ဍမှ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရ ပန်းတောင်းဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်သက်သက်ဌေး၊ ဒုတိယဆုရ ဘဏ်ခွဲ(၁) မန္တလေးမှ လက်ထောက်မန်နေဂျာ ဒေါ်ကျင်ငွေနှင့် တတိယဆုရ ထားဝယ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်တင်ဝေတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်းက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားများကိုယ်စား ရေနံချောင်းဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်မကြီးထံ ပေးအပ်ပြီး သင်တန်းတွင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၂)တွင် သင်တန်းသား သင်တန်းသူ ၄၉ ဦးသည် ရက်သတ္တ(၄)ပတ်ကြာ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်း၊ မျက်မှောက်စီးပွားရေးရာ အခြေအနေများ စသည်တို့ကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာ့စီးပွားရေးဘဏ် အရာထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နှစ် ၂၀ ကျော်ကြာ အဆက်အဆံပြတ်တောက်ခဲ့ရပြီးနောက် မြန်မာနိုင်ငံ၌ ကမ္ဘာ့ဘဏ်လုပ်ငန်းများ ပြန်လည်စတင်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၇

၂၅ နှစ်ကြာမျှ အဆက်အဆံ ပြတ်တောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၌ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် လုပ်ဆောင်နေပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၁ ခုနှစ် နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အရပ်သားအစိုးရအဖွဲ့သစ်၏ ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ခဲ့ပြီဖြစ်ရာ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၌ လုပ်ငန်းများ ပြန်လည် လည်ပတ်ရန် စတင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကြောင့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်းဆောင်တာများကို မြန်မာနိုင်ငံ၌ ပြန်လည်စတင်ရန် ဆန္ဒရှိကြောင်း ကမ္ဘာ့ဘဏ်၏ အာရှနှင့် ပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ပါမယ်လာကော့စ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်သည် ၁၉၈၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ လုပ်ဆောင်လျက်ရှိသော လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် အရပ်သားအစိုးရအဖွဲ့လက်ထက်၌ နိုင်ငံတကာက အံ့အားသင့်ခဲ့ရသည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်နှင့်အညီ ကာလကြာရှည်စွာ အရှိန်သေခဲ့ရသော မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ပြန်လည်အရှိန်ရလာပြီး မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများအား မျက်စိကျနေသည့် ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍ သုံးသပ်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းသုံးသပ်ချက်များအား မကြာမီထုတ်ပြန်ရန်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံသည် ပြည်ပကြွေးမြီအဖြစ် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၂ ဘီလီယံ တင်ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်း ပဋိပက္ခများနှင့် လုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ ရရှိလာခဲ့သော အတွေ့အကြုံများအရ ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသတည်ငြိမ်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာအရ အထောက်အကူပေးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ(အောက်ပုံ) **မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ်(၇၅)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၉)ဦးက မေးမြန်းသည့် မေးခွန်း (၁၄)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အဆို(၂)ခု တင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ တိုင်းဒေသကြီး လွှတ်တော်၏ သဘောတူညီချက်ရယူပြီးဖြစ်သည့် ဥပဒေကြမ်း(၅)ခုကို သက်ဆိုင်ရာ ကိုယ်စားလှယ်များက လွှတ်တော်သို့ တင်သွင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

မန္တလေးမြို့ရှိ ပုဂ္ဂလိကဘဏ်များ ATM စက်များ တပ်ဆင်အသုံးပြု

မန္တလေး ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် မန္တလေးမြို့ရှိ ပုဂ္ဂလိကဘဏ်များဖြစ်သော အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်တို့တွင် ၂၄ နာရီ ပိတ်ရက်မရှိ အလွယ်တကူ ငွေထုတ်နိုင်သော ATM စက်များအား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ လယ်မှစ၍ အသုံးပြုလျက်ရှိသည်။

ATM စက်များ အသုံးပြုရာတွင် သုံးစွဲခပေးသွင်းရန်မလိုဘဲ အဆိုပါဘဏ်များ၌ ငွေစုဘဏ်စာရင်း ဖွင့်လှစ်ထားသူများအား ATM စက်သုံးစွဲခွင့် ပုံစံဖြည့်စွက်၍ ကုတ်နံပါတ်ပါကတ် ထုတ်ပေးထားပြီး ၂၄ နာရီအတွင်း ကျပ် ၁၀ သိန်းအထိ ထုတ်ယူနိုင်ကာ ATM ကတ်ကိုင်ဆောင်သူအချင်းချင်းလည်း ငွေလွှဲပြောင်းနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၀၀ ၂။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၁၀ ၃။ "သုတရောင်စုံပန်းခင်း"
၈:၃၀ ၄။ "သတိတစ်ချက် တစ်သက်အမှား"
၈:၄၀ ၅။ International News

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၂၅ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
၁:၁၀ ၃။ "နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ"
၁:၂၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ကျောင်ဂွန်း"(အပိုင်း-၅၀)
၂:၁၀ ၅။ "သံခေတ်ယဉ်ကျေးမှုဆိုင်ရာ အထောက်အထား ကြို့ကုန်းကျေးရွာမှ ကျောက်ဖြစ်ရုပ်ကြွင်း"

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၃၀ ၂။ ၂၀၁၂ခုနှစ်၊တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
၅:၂၀ ၃။ International Science News
၅:၃၀ ၄။ လှပစုံလင်အာဆီယံတစ်ခွင်
၅:၄၀ ၅။ "ကာဗွန်ဈေးကွက်"
၆:၂၀ ၆။ "အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ"(အပိုင်း-၃) (သရုပ်ဆောင်ဖိုးသောကြာ)
၆:၄၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို (အပိုင်း-၁၄)
၇:၄၅ ၈။ "တံတားဆင်ယင် အသွားတွင်တိုးတက်စီးပွား ရောဝတီတံတားများ"
၉။ ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၉၂)
၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၁၅)
၁၁။ ဂီတတံခါးလေးဖွင့်ပါဦး

ရေဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရေဝတီမြစ်ကူး စစ်ကိုင်းတံတား အင်းဝ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်း ကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ် တိုင်အမှတ်(၂)နှင့် (၃)အကြား(ခုံးအမှတ် ၃)မှ ဖွင့်လှစ်ထားသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေ ယာဉ်များ ဖြတ်သန်းသွားလာရန် ရေ လမ်းကြောင်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ စ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ် တိုင်အမှတ်(၁)နှင့်(၂)အကြား(ခုံးအမှတ် ၂)မှ ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့်ရေလမ်းကြောင်း ၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက် တွင် နေ့အခါအစိမ်းရောင်တြိဂံ အမှတ် အသားပြသ၍ ညအခါ မီးစိမ်းပြသ ထားသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင် ၂)ခုအကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်း ပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်း ခုန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်း သတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၂ (စနေနေ့)

AM & PM
၅း၄၀ “ပရဟိတစိတ်ဓာတ်”တရားတော် (ဆရာတော်အရှင်ဆန္ဒာဓိက)
၈း၅၀ The Shop Around The Corner (Part-25)
၉း၁၅ ကိုယ်စိတ်နှစ်ပါးကျန်းမာစေမည့် ရွှေမန်းမြေရှိ “ညိမ်း”ဆေးရုံ
၉း၄၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅ ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၁၀း၅၅ ခေတ်မီဆန်းသစ်တဲ့ကိရိယာအသစ် JTC & BANZAI Auto Tools
၁၁း၁၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂)
၁၂း၂၀ Asian Wings Airways ၏(၁)နှစ် ပြည့်နှစ်ပတ်လည်အခမ်းအနား
၂း၂၀ CLEAR ၏ Facebook Photo ပြိုင်ပွဲ (ဖွင့်ပွဲ)
၂း၂၅ အထီး၊ အမ သီးခြားမွေးမြူခြင်းစနစ် ဖြင့် တီလားပီးယားငါး ကြီးထွားနှုန်း ကောင်းအောင် ဆောင်ရွက်ခြင်း
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “တေးသွားကေရီ”(အပိုင်း-၂၀)**
၄း၀၀ MNL MYANMAR 2012 (Hantharwady United FC Vs KBZ FC) (LIVE)
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၁၂၀)**
၇း၁၅ နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (Part-1)
၈း၃၀ ရန်ကုန်မြင်ကွင်းကျယ် (အင်ဒိုနီးရှားနိုင်ငံတွင် ပြုလုပ်ခဲ့ သော (၂၆)ကြိမ်မြောက်အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ ဓာတ်ပုံပြပွဲ)
၈း၄၅ သွားမယ်စားမယ်(CHOCOCITY)
၉း၃၀ FA Cup (Everton Vs Blackpool)
၁၁း၄၀ FA Cup (Sunderland Vs Arsenal)
၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညှာန်ရာ” (အပိုင်း-၇၃)**
၂း၃၀ Movie Talk
၃း၁၀ World of Knowledge

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် တည်ဆောက်ဆဲ ရေဝတီမြစ်ကူးတံတား(မလွန်)

တံတားအချက်အလက်များ

၁။ ပင်မတံတားအရှည် ၃၂၁၅ ပေ ငါးလက်မဖြစ်သည်။
၂။ ကားလမ်းတံတားအရှည် စုစုပေါင်းမှာ ၅၇၃၉ ပေ ရှိသည်။
၃။ ရထားလမ်းတံတားအရှည် စုစုပေါင်းမှာ ၇၁၅၆ ပေ ရှိသည်။
၄။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေနှင့် တစ်ဖက်လျှင် သုံးပေစီပါရှိသည့် လူသွားလမ်း ပါရှိသည်။
၅။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ် လွန်တူးပိုင်နှင့် တိုင်ကိုယ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။
၆။ ရထားလမ်းချဉ်းကပ်တံတားမှာ ၃၉၄၁ ပေနှင့် ကားလမ်း ချဉ်းကပ်တံတားမှာ ၂၆၂၄ ပေရှိသည်။ တံတားကြီး၏ ရေလမ်းကင်းလွတ် အကျယ်ပေ ၃၂၀ ရှိပြီး ရေလမ်း ကင်းလွတ်အမြင့် ၅၇ ပေရှိသည်။

* ရေဝတီမြစ်ကူးတံတား(မလွန်)သည် မကွေ တိုင်းဒေသကြီး မကွေးခရိုင် ရွာသစ်ကျေးရွာနှ စစ်ကိုးပင်ကျေးရွာအနီး မိကျောင်းရဲ-ပဌနဂိ ကားလမ်းမိုင်တိုင်အမှတ် ၁၁/၄ နှင့် ၁၁/၅ကြ တည်ဆောက်ထားသော ရေဝတီမြစ်ကူးတံတ ကြီးဖြစ်သည်။
* တံတားကြီးကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂ ရက်မှစတင်၍ ဆောက်လုပ်လျက်ရှိပြီး နှစ်လ မောင်းကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါ သည့် သံမဏိသံပေါင်တံတားကြီး ဖြစ်သည်
* တံတားကြီးသည် ရထားလမ်းပါ တွဲဖက်တည ဆောက်မည့် တံတားဖြစ်၍ အဆိုပါတံတားကြ ပြီးစီးသွားပါက ရေဝတီမြစ်၏ အနောက်ဘ ခြမ်းရှိ မလွန်၊ မင်းလှ၊ မင်းဘူး၊ အမ်းမှတစ်ဆ ရခိုင်ပြည်နယ်သို့ လည်းကောင်း သရ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတမှတစ်ဆင့် ရေဝ တိုင်းဒေသကြီးသို့ လည်းကောင်း ဆက်သွ သွားလာနိုင်မည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်ပညာရေးတက္ကသိုလ် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ပါမောက္ခ(ဌာနမှူး)များ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းက ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ သုတေသနပြုလုပ်ရေး၊ ဝန်ထမ်းအချင်းချင်း ပွင့်ပွင့်လင်းလင်းဖြင့် ကျောင်း၏ အရည်အသွေး၊ ကျောင်း၏အကျိုး တိုးတက်ရေးတို့အတွက် စည်းစည်းလုံးလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံမှ ဆရာတော် Ven. Supot Pamudho နှင့် အဖွဲ့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထိုင်းဘတ်ငွေ ၂၈၂၉၇၈၆ တန်ဖိုးရှိ မျက်စိခွဲစိတ်ရာတွင် အသုံးပြုသော Megatron Phaco Machine နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဇေယျာရွှေမြေနှင့် SKY NET တို့က နေပြည်တော်ပျဉ်းမနား အထက(၃)သို့ အားကစားပစ္စည်းများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဇေယျာရွှေမြေအက်ဖ်စီနှင့် ၎င်း၏ စပွန်ဆာ SKY NETတို့ ပူးပေါင်း၍ နေပြည်တော်ပျဉ်းမနား အထက(၃) ကျောင်းသို့ အားကစားပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ ညနေ ၄ နာရီက ယင်းကျောင်း၌ ကျင်းပရာ ဇေယျာရွှေမြေအက်ဖ်စီ အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်၊ မီဒီယာနှင့် မားကက်တင်းတာဝန်ခံ ကိုနေမန်း၊ နေပြည်တော်ခရိုင် အားကစားမှူး ဦးဝင်းအောင်၊ အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးဝိုင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဇေယျာရွှေမြေ အက်ဖ်စီအသင်းမှ မီဒီယာတာဝန်ခံ ကိုနေမန်းက ဘောလုံးနှင့် အားကစားဝတ်စုံများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။**(ယာပုံ)**

ဇေယျာရွှေမြေ အက်ဖ်စီအသင်းနှင့် စပွန်ဆာဖြစ်သော SKY NET တို့ ပူးပေါင်းပြီး မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၇)အဖြစ် ဇေယျာရွှေမြေသည် ဒေသခံနေပြည်တော် အက်ဖ်စီနှင့် ပေါင်းလောင်းကွင်းတွင် ဖေဖော်ဝါရီ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားရန် ရောက်ရှိစဉ်လှူဒါန်းခြင်းဖြစ်သည်။ ဇေယျာရွှေမြေအက်ဖ်စီသည် ပြီးခဲ့သည့် စနေနေ့က တောင်ကြီးတွင် KBZ FC နှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တောင်ကြီး အလက(၉)၌ အားကစားပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၀၇)

တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၇ သန်းကျော်၊ ဆေးပြားလုပ်စက်များ၊ ဓာတုဆေးမှုန့်များ၊ လက်နက်ငယ် လေးလက်နှင့် ကျည်များ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၃ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၇ သန်းကျော်၊ ဆေးပြားလုပ်စက်များ၊ ဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးမှုန့်များ၊ လက်နက်ငယ်လေးလက်နှင့် ၎င်းကျည်တောင့်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ပါခါးကျေးရွာရှိ အားမူ၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉၄၀၀၀၊ အားဒါး၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၆၀၀၀၊ ကဖင်းအမှုန့် ၅၂ ဒသမ ၈ ကီလိုဂရမ်၊ အားဂါ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၇၆၄၀၀၊ ဆေးပြားအမှုန့် ၂ ဒသမ ၈ ကီလို၊ ကဖင်း ၃ ဒသမ ၈၄ ကီလို၊ ကိုဒင်း ၃ ဒသမ ၃ ကီလို၊ Best Quality တံဆိပ် အနံ့ဆေး ၁၀၀၀ ml ပါ နှစ်ပုလင်း၊ Procodyl 100 ml ပါ ချောင်းဆိုးပျောက်ဆေးရည် ၃၅ ပုလင်း၊ Food Colour တံဆိပ် အရောင်တင်မှုန့် အထုပ်ငယ် ၅၀ စီပါ ဘူး ၁၅ ဘူး၊ ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် မို ၈၁ ချောင်းနှင့် မိုအောက်ခံခွက် ၁၉ ခု၊ စက်အစိတ်အပိုင်း သံထည် ခုနစ်ခုနှင့် 999 တံဆိပ်ပါ ဘိန်းဖြူဘလောက်တုံး ရိုက်နှိပ်သည့် ပုံစံခွက် တစ်ခု၊ အမ် ၁၆ သေနတ် တစ်လက်၊ ကျည်ကတ် နှစ်ခု၊ အမ် ၂၂ သေနတ် တစ်လက်၊ ကျည်ကတ် တစ်ခု၊ ကျည်တောင့် ၁၀ တောင့်၊ အေကေ ၄၇ သေနတ် တစ်လက်၊ ပွိုင့် ၃၈ ခြောက်လုံးပြူး တစ်လက်၊ ကျည်ကတ် တစ်ခု၊ ကျည်တောင့် ၁၆၀၊ ဟောင်လိတ်ကျေးရွာအုပ်စု တော်ကော့အတွင်းရပ်ကွက်ရှိ အားမဲ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ထုပ်ပိုးရာတွင် အသုံးပြုသည့် (၆×၈) စင်တီမီတာ အရွယ်ပလတ်စတစ် အိတ်ခွံ ၁၁၀၀၀၀၀ တို့ကို သိမ်းဆည်းရမိပြီး အားမူ၏ ဇနီး မမီချုံအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယခုသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၇၂၆၄၀၀ မှာ တာချီလိတ်ခရိုင်အတွင်း သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအနက် ပမာဏ ဒုတိယအများဆုံးဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ်က တာချီလိတ်ခရိုင်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သန်းကျော် ဖမ်းဆီးရမိခဲ့ပြီး ၎င်းပမာဏသည်အများဆုံး ဖြစ်ကြောင်း၊ နိုင်ငံအတွင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိပြီး မြည်းစမ်းခြင်း၊ စွဲမြဲစွာသုံးစွဲခြင်း မပြုလုပ်ကြရန်လိုကြောင်း၊ မိမိတို့ပတ်ဝန်းကျင်၌ လမ်းမှားရောက်နေသူ လူငယ်လူရွယ်များကို တွေ့ရှိပါကလည်း အသိပညာပေးတားဆီးပြီး ပြုပြင်ထိန်းသိမ်းပေးကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူသားတစ်ရပ်လုံးကို အန္တရာယ်ပြုခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO များ၊ NGO များနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခြင်း၊ ဖျက်ဆီးနိုင်ခြင်းများသည် ကမ္ဘာ့လူသားတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းပင်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ (သတင်းစဉ်)

တာချီလိတ်မြို့နယ် ပါခါးကျေးရွာမှ သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးပြားပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုဆေးမှုန့်များကို တွေ့ရစဉ်။ (သတင်းစဉ်)

တာချီလိတ်မြို့နယ် ပါခါးကျေးရွာမှ သိမ်းဆည်းရမိသည့် လက်နက်ငယ် လေးလက်နှင့် ကျည်များကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခွင့်ပြုသည့် နေ့ရက်နှင့် အချိန်ဇယား သတ်မှတ်ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

၂၀၁၂ ခုနှစ်၊ ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခဲ့ကြသည့် နိုင်ငံရေးပါတီ (၁၇)ပါတီအား ယင်းတို့၏ မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ စည်းရုံးဟောပြောတင်ပြနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်ပါအတိုင်းအချိန်ဇယားဖြင့် သတ်မှတ်အကြောင်းကြားပြီး ဖြစ်သည်။

စဉ်	ရက်စွဲ	ဟောပြောရမည့်နိုင်ငံရေးပါတီ
(၁)	၇-၃-၂၀၁၂	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(၂)	၈-၃-၂၀၁၂	ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊
(၃)	၉-၃-၂၀၁၂	ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊
(၄)	၁၀-၃-၂၀၁၂	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊
(၅)	၁၁-၃-၂၀၁၂	ခေတ်သစ်ပြည်သူ့ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
(၆)	၁၂-၃-၂၀၁၂	အမျိုးသားဒီမိုကရေစီအင်အားစု၊ ပြည်သူ့ဒီမိုကရေစီပါတီ၊
(၇)	၁၃-၃-၂၀၁၂	အမျိုးသားဒီမိုကရေစီပါတီသစ်၊ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ၊
(၈)	၁၄-၃-၂၀၁၂	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊
(၉)	၁၅-၃-၂၀၁၂	မြန်မာအမျိုးသားကွန်ဂရက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(၁၀)	၁၆-၃-၂၀၁၂	လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
(၁၁)	၁၇-၃-၂၀၁၂	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
(၁၂)	၁၈-၃-၂၀၁၂	မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊
(၁၃)	၁၉-၃-၂၀၁၂	အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊ ခေတ်သစ်ပြည်သူ့ပါတီ၊
(၁၄)	၂၀-၃-၂၀၁၂	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုသားဒီမိုကရေစီအင်အားစု၊
(၁၅)	၂၁-၃-၂၀၁၂	ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊
(၁၆)	၂၂-၃-၂၀၁၂	ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊
(၁၇)	၂၃-၃-၂၀၁၂	မြန်မာ့လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်၊

နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုသည့်ရက်မတိုင်မီ အနည်းဆုံး (၇)ရက်ကြိုတင်၍ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောထုတ်လွှင့်မည့် နိုင်ငံရေးပါတီများ၏ ဟောပြောမည့်အစီအစဉ်ကို (၂)ရက်ကြိုတင်၍ ရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးထားသည့် အစီအစဉ်ကို အထက်ဖော်ပြပါ အချိန်ဇယားအတိုင်း ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သစ်တောမြေအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၊ ရော်ဘာနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ မြေငှားရမ်းခများပေးသွင်းရေး အသိပေးကြေညာခြင်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက စီမံအုပ်ချုပ်ခွင့်ရှိသော သစ်တောမြေများရှိ တောနိမ့်၊ တောပျက်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကျွန်းနှင့် သစ်မာမျိုးစုံ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကာလရှည်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်ရန်အတွက် မြေငှားရမ်းခနှုန်းထား (၁)ဧကလျှင် ငွေကျပ် ၁၀၀၊ သက်သာသောနှုန်းထားဖြင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နိုင်မည့်သူများအတွက် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားလုပ်ငန်းရှင်များ/ကုမ္ပဏီများအတွက် သက်သာသောနှုန်းထားဖြင့် စိုက်ပျိုးပြီးဧရိယာ(ဧက) ကိုသာ နှစ်စဉ်မြေငှားရမ်းခ ပေးသွင်းစေခြင်းဖြစ်ပါ၍ နိုင်ငံတော်၏ ဘဏ္ဍာအခွန်လျာထားချက်ပြည့်မီရန် လုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

အလားတူ နိုင်ငံတော်၏ လိုအပ်ချက်အရ စိုက်ပျိုးခွင့်ရ ရော်ဘာနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ လုပ်ကိုင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များ ကုမ္ပဏီများမှလည်း နှစ်စဉ်ပေးသွင်းရန်ရှိသော သတ်မှတ်မြေငှားရမ်းခများကို ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အမြန်ပေးသွင်းကြပါရန် ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

အမှုများကိုစိစစ်ရာတွင် မှန်ကန်ကြောင်းတွေ့ရှိရသူများကို ကျူးလွန်သောပြစ်မှုအလိုက် အရေးယူဆောင်ရွက်လျက်ရှိ မနာလိုဝန်တိုမှု၊ လုပ်ကြံမှု၊ အသရေဖျက်လိုမှုကြောင့် မမှန်မကန်တင်ပြတိုင်ကြားသူကိုလည်း ထိရောက်စွာအရေးယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမန်းကံညွန့်က အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်းကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစတီဗင်သာဘိတ်က **“ဝန်ထမ်းများအား လစာတိုးပေးရန်အကြံပြုကြောင်းနှင့် ဌာနဆိုင်ရာတွင် တပ်မတော်မှပြောင်းရွှေ့လာသူများအား ခန့်ထားသည့် ပေါ်လစီကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က **ဝန်ထမ်းတိုင်းသည် မိမိတာဝန်ကို ကျေပွန်ရမည်ဖြစ်ပြီး နိုင်ငံသားတိုင်းက နိုင်ငံသားတာဝန်ကျေပွန်မှသာ နိုင်ငံ၏အသီးအပွင့်ကို ခံစားရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအနှစ်သာရနှင့်အညီ လူတိုင်းသည် မခိုမကပ် တာဝန်ကျေအောင် မိမိလုပ်ငန်းခွင်တွင် အချိန်ပြည့်၊ စွမ်းအားအပြည့် အလုပ်လုပ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိအလုပ်ကိုချစ်တတ်မှ ဝန်ထမ်းကောင်းဖြစ်မည်ဖြစ်ကြောင်း၊ မိမိဇာတိမြေကို ချစ်တတ်မှ ဇာတိသွေး၊ ဇာတိမာန်ရှိမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံကို ချစ်တတ်မှ နိုင်ငံ့သားကောင်းဖြစ်မည်ဖြစ်ကြောင်း။**

ကုန်စျေးနှုန်းမြင့်တက်ခြင်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့က ချမှတ်ထားသည့် သတ်မှတ်ဝန်ဆောင်မှုသည် Zero ရာခိုင်နှုန်းနီးပါးဖြစ်ပါကြောင်း၊ မိမိလုပ်ငန်းအတွက် တင်ပြထားချက်၊ မိမိတောင်းခံထားသည့် ခွင့်ပြုမိန့်များ မြန်မြန်ရလိုမှုကြောင့် ဝန်ထမ်းများကို တရားမဝင် လာဘ်ထိုးသူများ၏ စည်းကမ်းဖောက်ဖျက်မှုမှ တစ်ဆင့် ရေစီးကမ်းပြိုလိုက်သွားသည့် လမ်းကြောင်းသည် ကျယ်သထက်ကျယ်၊ နက်သထက်နက်လာသည့်အခါ “သားသမီးမကောင်း မိဘခေါင်း” ဆိုသကဲ့သို့ ဖြစ်လာပါကြောင်း၊ လာဘ်ထိုးသူလည်းထိုး၊ လာဘ်ယူသူကလည်း ယူခဲ့ကြကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်သမ္မတက လာဘ်ပေးလာဘ်ယူမှုသည် လူတစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေသည့်အတွက် ပြည်သူ၏အကူအညီကို ရယူပြီး ထိရောက်စွာ တားဆီးသွားမည်ဟု မိန့်ကြားခဲ့ပါကြောင်း။**

နိုင်ငံတော်သမ္မတ၏ တာဝန်ပေးချက်အရ သမ္မတရုံးဝန်ကြီးဌာနအနေဖြင့် ၅-၄-၂၀၁၁ ရက်မှ ၃၁-၁-၂၀၁၂ ရက်အထိကာလအတွင်း နိုင်ငံတော်သမ္မတထံ တင်ပြစာပေါင်း (၆၆၆၀)စောင်အနက်မှ စိစစ်ပြီးအမှုပေါင်း (၂၇၈၀)စောင်ရှိခဲ့ပြီး ဆက်လက်စိစစ်ဆဲ (၁၉၅၁) စောင်၊ အဆင့်မမီနှင့် အကြိမ်ကြိမ်တိုင်ကြားမှု (၁၉၂၉)စောင်တို့ ဖြစ်ပါကြောင်း၊ အဆိုပါအမှုများကို စိစစ်ရာတွင် မှန်ကန်ကြောင်းတွေ့ရှိရသူများကို ကျူးလွန်သောပြစ်မှုအလိုက် အရေးယူထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ဆောင်ရွက်သွားမည်လည်း ဖြစ်ပါကြောင်း၊ တိုင်ကြားတင်ပြရာတွင် နစ်နာသူကိုယ်တိုင်က ခိုင်ခိုင်မာမာ အထောက်အထားဖြင့် တိုင်ကြားတင်ပြချက်ကိုသာ အရေးယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မမှန်မကန်တိုင်ကြားသူများ တွေ့ရှိရသည့်အတွက် ၎င်းတို့အား မှတ်တမ်းတင်သတိပေးခဲ့ရပြီး နောင်တွင် မနာလိုဝန်တိုမှု၊ လုပ်ကြံမှု၊ အသရေဖျက်လိုမှုကြောင့် မမှန်မကန်တင်ပြတိုင်ကြားသူကိုလည်း ထိရောက်စွာ အရေးယူသွားမည် ဖြစ်ပါကြောင်း။

အစိုးရအဖွဲ့သည် Good Governance and Clean Government ဖြစ်ရေးအတွက် ရေးဆွဲပြဋ္ဌာန်း ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေများကို လက်တွေ့အကောင်အထည် ဖော်လျက်ရှိပြီး ပြင်ဆင်သင့်သည့် ဥပဒေ/နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေတို့ကို အချိန်နှင့်အမျှ ပြင်ဆင်ပေးနေပါကြောင်း၊ သို့သော် ဝန်ထမ်းအပါအဝင် နိုင်ငံသားအားလုံးက တာဝန်သိသိ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေအတိုင်း တိတိကျကျ လိုက်နာအကောင်အထည်ဖော်ကြရန် လိုပါကြောင်း။

ထို့ပြင် ကုန်စျေးနှုန်းမြင့်မားခြင်းသည် အစိုးရအဖွဲ့သာမက **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

နိုင်ငံရေးပါတီများ ဥပဒေနှင့်အညီဆောင်ရွက်စေရေး ပါတီအချင်းချင်း ထိန်းကျောင်းပေး ကော်မရှင်အဖွဲ့ခွဲများနှင့်မဲရုံအဖွဲ့များ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နေပြည်တော်ကော်မရှင် အဖွဲ့ခွဲဝင်များ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် နေပြည်တော်ကော်မရှင် အဖွဲ့ခွဲဝင်များ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိမြို့နယ်များမှ ကော်မရှင် အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအား နေပြည်တော်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာအောင်သန်းနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့၏ ကော်မရှင်အဖွဲ့ခွဲများအလိုက် ကြားဖြတ်ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက် ဆောင်ရွက်နေမှုများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ရွေးကောက်ပွဲ ဆိုင်ရာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍ ဖြည့်စွက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် အင်မတန် အရေးကြီးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် ပြည်သူလူထု၊ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ကိုယ်စားပြုပါတီ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့ ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူလူထုအနေဖြင့် မိမိရွေးချယ်ပေးလိုသည့် ကိုယ်စားလှယ်လောင်းအား မဲပေးနိုင်ရန်နှင့် ပေးသည့်မဲကို ပယ်မဲမဖြစ်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်လောင်းနှင့် ကိုယ်စားပြုပါတီများအနေဖြင့်လည်း မိမိစည်းရုံးထားသည့် မဲဆန္ဒရှင်များ မဲပေးနိုင်ရန်နှင့် နိုင်ငံရေးပါတီများဥပဒေနှင့်အညီ ဆောင်ရွက်စေရေး၊ ရွေးကောက်ပွဲစည်းမျဉ်း မချိုးဖောက်စေရေး၊ တရားမဲ့ပြုကျင့်မှုများ မလုပ်မိစေရေး ပါတီအချင်းချင်း ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအသီးသီးမှ မဲရုံအဖွဲ့များ အနေဖြင့်လည်း လူထုကဆန္ဒနှင့်အညီ မဲပေးလိုက်သည့် ကိုယ်စားလှယ်လောင်းအား လွှတ်တော်သို့ရောက်ရှိအောင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မျှမျှတတ၊ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ရွေးကောက်ပွဲတွင် အနိုင်မရလျှင် မိမိနိုင်စေလိုသည့် ကိုယ်စားလှယ်လောင်းနှင့် ပါတီ မနိုင်ခဲ့လျှင် ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း ပြစ်တင်ဝေဖန်တတ်သည်ဖြစ်၍ မိမိတို့က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)